ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် စတင်တည်ထောင်သည်
Established in 1957
၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ သောကြာနေ့ (20-12-2013) (၇၇၀၀)

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

ထူးခြားသည့် ညအပူချိန်

ဟားခါး	-၂ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	-၁ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၁ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၁ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်	၁ ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၂ ဒီဂရီစင်တီဂရိတ်
လားရှိုး	၂ ဒီဂရီစင်တီဂရိတ်
ကသာ	၃ ဒီဂရီစင်တီဂရိတ်

မြန်မာ – အင်ဒိုနီးရှား နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၉

အင်ဒိုနီးရှားနိုင်ငံလွှတ်တော် House of Representatives ဥက္ကဋ္ဌ H.E. Mr. Marzuki Alie ၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဒီဇင်ဘာ ၁၈ ရက် ညနေ ၆ နာရီခွဲတွင် ဂျကာတာမြို့ရှိ Mulia Hotel ၌ အင်ဒိုနီးရှားနိုင်ငံ House of Representatives ဥက္ကဋ္ဌ H.E. Mr. Marzuki Alie နှင့် တွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

အမျိုးသား၊ အမျိုးသမီး ဒိုင်ဗင်ဗိုလ်လုပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးဒိုင်ဗင်ဗိုလ်လုပွဲစဉ်များကို ဒီဇင်ဘာ ၁၉ ရက် ညနေ ၃ နာရီက ဆက်လက်ကျင်းပရာ အမျိုးသား ၃ မီတာစပရစ်ဘုတ်ဒိုင်ဗင်ပြိုင်ပွဲတွင် မြန်မာက နောင်ကြာ**(အပေါ်ပုံ)**၊ ဇော်ထက်ဦး၊ မလေးရှားက CHEW YI WEI၊ OOI Tze Liang ၊ စင်ကာပူက LEE Tmiothy Han၊ LEE Mark Han Mi၊ ထိုင်းက PICHI Suchart၊ အင်ဒိုနီးရှားက JAMJAM Akmad စုစုပေါင်းပြိုင်ပွဲဝင် ရှစ်ဦးဝင်ရောက်ယှဉ်ပြိုင်ပြီး အမျိုးသမီး ၁၀ မီတာ စင်မြင့်ဒိုင်ဗင်ပြိုင်ပွဲတွင် မြန်မာက နေခြည်စုစုလွင်၊ စောလှနန္ဒာ၊ မလေးရှားက PAMG Pandelea၊ LOH Zhiayi၊ အင်ဒိုနီးရှားက YASMIM Linadini စသည်ဖြင့် ပြိုင်ပွဲဝင် ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသား ၃ မီတာ စပရစ်ဘုတ်ဒိုင်ဗင်ပြိုင်ပွဲတွင်

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ▼

တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ဝင်းထွန်းလင်း ရွှေရရှိ

နေပြည်တော် ဒီဇင်ဘာ ၁၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တိုက်ကွမ်ဒို(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း အားကစားရုံ(A)၌ ဆီမီးဖိုင်နယ်ပွဲစဉ်နှင့် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကြောင်း သိရသည်။ နံနက်ပိုင်းတွင်(၇၄-၈၀)ကီလိုတန်းပြိုင်ပွဲတွင် မြန်မာအသင်းမှ ဝင်းထွန်းလင်းက အင်ဒိုနီးရှားအသင်းကို လှပသော ခြေကန်ချက်များဖြင့် အနိုင်ယူခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲကို ဖိလစ်ပိုင်အသင်းနှင့် မွန်းလွဲ ၂ နာရီတွင် ဆက်လက်ယှဉ်ပြိုင်ရာ လှပအံ့သြဖွယ်ကောင်းသော ခြေကန်ချက်များဖြင့် ထပ်မံအနိုင်ယူကာ ပထမရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။

အမျိုးသမီး(၅၃-၅၇)ကီလိုတန်းတွင် ဖိလစ်ပိုင်အသင်းက ထိုင်းအသင်းကို ခုနစ်မှတ်-တစ်မှတ်ဖြင့် အနိုင်ရယူ၍ ဖိလစ်ပိုင်က ရွှေရရှိခဲ့သည်။ အမျိုးသား (၆၃-၆၈)ကီလိုတန်းတွင် လာအိုအသင်းက ထိုင်းအသင်းကို ၁၀ မှတ်-ခုနစ်မှတ်ဖြင့် အနိုင်ယူပြီး လာအိုက ရွှေရရှိခဲ့သည်။ အမျိုးသမီး (၆၂-၆၇)ကီလိုတန်းတွင် ထိုင်းအသင်းက ဗီယက်နမ်အသင်းကို ၁၁ မှတ်-နှစ်မှတ်ဖြင့် အနိုင်ရယူပြီး ထိုင်းအသင်းက ရွှေရရှိခဲ့သည်။ အမျိုးသား(၇၄-၈၀)ကီလိုတန်းတွင် မြန်မာတိုက်ကွမ်ဒိုကစားသမား ဝင်းထွန်းလင်းက ဖိလစ်ပိုင်အသင်းကို အနိုင်ယူပြီး ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။

ပြိုင်ပွဲအပြီးတွင် "ကျွန်တော့်အသက် (၂၈)နှစ်ရှိပါပြီ၊ ရန်ကုန် အင်းစိန် တညင်းကုန်းမှာ နေထိုင်ပါတယ်။ ယခုပွဲစဉ်မှာ ကျွန်တော့်အမေနဲ့ ညီမလာရောက်အားပေးပါတယ်။ အင်ဒိုနီးရှားနဲ့ ဆီမီးဖိုင်နယ်ပွဲစဉ် ယှဉ်ပြိုင်စဉ်က စိတ်လှုပ်ရှားမှုမရှိခဲ့ပါဘူး။ ဒါကလည်း ရွှေရရှိဖို့ ကျွန်တော်မျှော်မှန်းထားလို့ပါ။ ကျွန်တော့်အတွက် အိမ်ရှင်နိုင်ငံဖြစ်လို့ နိုင်ငံဂုဏ်သိက္ခာတက်အောင် အစွမ်းကုန်ကြိုးစားကစားသွားမှာပါ။ ပရိသတ်ရဲ့ တစ်ခဲနက်အားပေးမှုက ကျွန်တော့်အတွက် ခွန်အားတွေပါပဲ"ဟု မြန်မာနိုင်ငံအတွက် ရွှေရယူပေးခဲ့သည့် ဝင်းထွန်းလင်းက ပြောကြားခဲ့သည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။**ကျော်သူရ(နေပြည်တော်)**

တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် အမျိုးသား (၇၄-၈၀)ကီလိုတန်း၌ မြန်မာမှ ဝင်းထွန်းလင်းနှင့် ဖိလစ်ပိုင်မှ ကစားသမားတို့ ယှဉ်ပြိုင်နေစဉ်။ (ဓာတ်ပုံ-စိုးညွန့်)

ကြေးမုံစာတည်းရှုထောင့် ၂၀-၁၂-၂၀၁၃၊ သောကြာနေ့

ကျန်းမာခြင်းသည်လာဘ်တစ်ပါး

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်။ ကျန်းမာနေစဉ်တွင် လူတို့သည် မသိလိုက် မသိဘာသာနေတတ်ကြသော်လည်း မကျန်းမာစဉ်အခါ၌မှ ကျန်းမာခြင်း၏ တန်ဖိုးကိုသိကြရသည်။ ထို့ပြင်သာမက မကျန်းမာသောအခါ အလုပ်အကိုင်ပျက်ခြင်း၊ ငွေကုန်ကြေးကျများခြင်းတို့နှင့်ပါ ကြုံတွေ့ရတော့သည်။

မကျန်းမာခြင်းသည် မိသားစုအရေးကိစ္စတစ်ရပ်ဖြစ်သည့်အပြင် အလုပ်လုပ်နေသောသူများအဖို့ တိုင်းပြည်အတွက် လုပ်အားများပါ ဆုံးရှုံးစေသည်။ အသက်အရွယ်ရလာသူများအဖို့ ၎င်းတို့၏ဘဝအတွက်ပင် စိုးရိမ်ပူပန်ဖွယ်ရာများ ဖြစ်လာနိုင်သည်။

ထို့ကြောင့် နိုင်ငံတော်က ပြည်သူလူထု ကျန်းမာရေးကောင်းစေမှုအတွက် ပြည်သူ့ကျန်းမာရေး အစီအမံများကို စီမံကိန်းရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်။ ပြည်သူများကလည်း ကျန်းမာရေးအသိ၊ ကျန်းမာအောင်ကျင့်ကြံပြုမူ နေထိုင်စားသောက်မှုတို့ကို ပြုကြရမည်ဖြစ်သည်။

လူတို့တွင် ၉၆ ပါးသော ရောဂါတစ်ခုခုရလာခြင်းသည် အစားအသောက် မဆင်ခြင်မှုရှိသလို အနေအထိုင် ဂရုမပြုမိခြင်းလည်းရှိမည်။ အထူးသဖြင့် ကိုယ်လက်လှုပ်ရှားမှု နည်းပါးသောကြောင့် ရောဂါတစ်ခုခုရရှိလာသည်ဟု ဆေးပညာရှင်တို့က အသိပေးထားသည်။

ယနေ့ကာလသည် အလွန်ချမ်းအေးသည့် ဆောင်းရာသီ ဒီဇင်ဘာလဖြစ်သည်။ ထိုကာလတွင် ဒီဇင်ဘာအားကစားလှုပ်ရှားမှုများကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများက ဦးဆောင်ကျင်းပနေရာ ပြည်သူလူထုအနေဖြင့်လည်း ထိုပွဲတွင် ပါဝင်လှုပ်ရှားခြင်းဖြင့် တစ်ကိုယ်ရေ ကျန်းမာရေးကို ရအောင်ယူတတ်ဖို့လိုမည်ဖြစ်သည်။

ယခုနှစ် ဒီဇင်ဘာလတွင် တိုင်းပြည်အင်အား လူထုအားကစား၊ စုပေါင်းလှုပ်ရှား ပြည်သူ့အားကစား၊ အားကစားလ ဒီဇင်ဘာ စုပေါင်းလမ်းလျှောက်ပါ၊ နုပျိုသက်ရှည်ကျန်းမာရေး နေ့စဉ်မှန်မှန် လမ်းလျှောက်ပေး စသည့် ပြည်သူလူထုအားလုံး အားကစားလှုပ်ရှားမှုပြုလုပ်ရန် တိုက်တွန်းနှိုးဆော် အသိပေးထားသည်။

ထို့အပြင် ဒီဇင်ဘာအားကစားလသာမကဘဲ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှုတစ်ခုခုကို ပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ခြင်း၊ ခန္ဓာကိုယ်သွေးလေညီညွတ်ပြီး စိတ်ရွှင်လန်းတက်ကြွခြင်း၊ နုပျိုအသက်ရှည်ခြင်းအကျိုးများကို ရရှိစေမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် ကျန်းမာရေးအတွက် အလွယ်ကူဆုံးနည်းလမ်းတစ်ခုမှာ နေ့စဉ်လမ်းလျှောက်ခြင်းပင် ဖြစ်သည်။ နေ့စဉ် နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်ပါသည်။

နေ့စဉ်လမ်းလျှောက်ခြင်းဖြင့် ခန္ဓာကိုယ်နှင့်စိတ်ဓာတ်ကြံ့ခိုင် ကျန်းမာစေပါသည်။ ထို့အပြင် သက်လုံကောင်း၍ အမောခံနိုင်ပါသည်။ အဆီလျှော့လျက် အဝမလွန်အောင် ထိန်းထားနိုင်ပါသည်။ ဦးနှောက်နှင့် အာရုံကြောကောင်းပြီး ဉာဏ်ရည်ကိုထက်မြက်စေပါသည်။ ကိုယ်ခံအားမြင့်တက်ပြီး ရောဂါဘယများကို တိုက်ဖျက်နိုင်ပါသည်။

ထို့ပြင်သာမက လေးလံနေသော အကြောအခြင်၊ အရွတ်များအား ပျော့ပျောင်းစေပြီး လူကို ဖျတ်လတ်ပေါ့ပါးစေပါသည်။ သွေးလှည့်ပတ်မှုကောင်းလာသဖြင့် စားဝင်၊ အိပ်ပျော်ဖြစ်စေနိုင်ပါသည်။ စိတ်ဖိစီးမှု လျော့နည်းကျဆင်းပြီး ကြည်လင်လန်းဆန်းသော ဘဝကိုပိုင်ဆိုင်နိုင်ပါသည်။

ထို့ကြောင့် လမ်းလျှောက်ခြင်း၏ အကျိုးများမှာ များပြားလှသဖြင့် ငွေကုန်သက်သာ လွယ်ကူလုပ်ရှားနိုင်သည့် လမ်းလျှောက်ခြင်းကို နံနက်နှင့် ညနေပိုင်းအချိန်များတွင် လူတိုင်းကိုယ်စီ တစ်နေ့နာရီဝက်အနည်းဆုံးခန့်ဖြင့် လမ်းမှန်မှန်လျှောက်သင့်ပါသည်။

ယခုနှစ် ဒီဇင်ဘာအားကစားလမှအစပြု၍ သင်နှင့်သင့်မိသားစု ကျန်းမာရေးအတွက် နေ့စဉ်မှန်မှန် လမ်းလျှောက်ပေးကြပါရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် နိုင်ငံတော်ဧည့်ဂေဟာရှိ The Lake Garden Hotel ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၁၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အိပ်ခန်းပေါင်း ၃၈ ခန်းပါရှိသည့် The Lake Garden ဟိုတယ်ဖွင့်လှစ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေနှင့် တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့် Max Myanmar ကုမ္ပဏီအုပ်စု ဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်တို့က ဟိုတယ်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ဟိုတယ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဟိုတယ်အတွင်း ဧည့်ခန်းမနှင့် အိပ်ခန်းဆောင်များအား လိုက်လံစစ်ဆေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်	ရွှေဈေး	၆၄၇၂၀၀	-	၆၄၈၂၀၀
မန္တလေး	ရွှေဈေး	၆၄၆၈၀၀	-	၆၄၇၈၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၁၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၄၄. ၉
(ဂ)	တရုတ်	တစ်ယွမ်	= ၁၆၁. ၉၀
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၀. ၄၁၅
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၁. ၁၆
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၅၂
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၄၃. ၈၃
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၃. ၂၃၇
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၇၀. ၅၇
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၉. ၀၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ရန်ကုန်တက္ကသိုလ်နှင့် Johns Hopkins တက္ကသိုလ်တို့ နားလည်မှုစာချွန်လွှာရေးထိုးရေး ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၉

ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်းရှိ International Centre of Excellence (ICoE)တွင် International Relations မဟာဘွဲ့လွန်သင်တန်းဖွင့်လှစ်ရေး၊ ရန်ကုန်တက္ကသိုလ်နှင့် Johns Hopkins တက္ကသိုလ်တို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရေး၊ Johns Hopkins တက္ကသိုလ်မှ ကျောင်းသားများ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် မြန်မာစာသင်တန်းတက်ရောက်ရေးနှင့် International Centre of Excellence တွင် Electronic Library ဖွင့်လှစ်နိုင်ရေးကိစ္စများကို ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံး ဧည့်ခန်းမ၌ ဆွေးနွေးကြသည်။

အမေရိကန်နိုင်ငံ Johns Hopkins တက္ကသိုလ်၏ အာရှရေးရာဒါရိုက်တာနှင့် Japan Bank for International Cooperation ၏ ကိုယ်စားလှယ် Prof. Dr. Karl Jackson တို့သည် တွေ့ဆုံဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး စာပေဟောပြောပွဲများ ကျင်းပ

သထုံ ဒီဇင်ဘာ ၁၉

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ စာပေဟောပြောပွဲများကို သထုံမြို့နယ်၌ ကျင်းပခဲ့ရာ ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက သထုံမြို့ သုဝဏ္ဏခန်းမ၊ ည ၇ နာရီက ကျေးရွာပညာကျန်းမာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် နောင်ဘိုကျေးရွာ ရွှေဥဒေါင်း ဘုရားဝင်းနှင့် ဒီဇင်ဘာ ၁၇ ရက် ည ၇ နာရီက ကုမုဒြာ စာကြည့်တိုက်ကော်မတီ၏ စီစဉ်မှုဖြင့် ကြာပန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲများတွင် ဆရာချစ်နိုင်(စိတ်ပညာ)က "ရည်မှန်းချက်ထား အမြဲကြိုးစား" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာအကြည်တော်က "လမ်းနှစ်သွယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာနွမ်ဂျာသိုင်းက "စာဖတ်မှ နိုင်ငံကောင်းမယ်" ခေါင်းစဉ်ဖြင့် လည်းကောင်း အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများအား စာပေရေးရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးဟောပြောခဲ့ကြရာ ကျောင်းသား ကျောင်းသူများနှင့် စာပေချစ်မြတ်နိုးသူတို့က ကွင်းလုံးပြည့်မျှ လာရောက်နားဆင်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

✳ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အင်ဒိုနီးရှားနှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများဆောင်ရွက်နေမှု၊ အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် အင်ဒိုနီးရှားနိုင်ငံ House of Representatives ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား ဂျကာတာမြို့ရှိ Mulia Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက်နံနက် ၁၀ နာရီတွင် ဂျကာတာမြို့ရှိ လွှတ်တော်အဆောက်အအုံ၌ အင်ဒိုနီးရှားနိုင်ငံလွှတ်တော် People's Consultative Assembly (MPRI) ဥက္ကဋ္ဌ H.E. Mr.Sidarto Danusubroto နှင့်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲများသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော သူရဦးအေးမြင့်၊ ဦးလှမြင့်ဦး၊ ဦးငွေးမြင့်နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကနှင့်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ အမျိုးသားပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီး ဆက်လက်ထွက်ခွာရာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ လေဆိပ်၌ အင်ဒိုနီးရှားနိုင်ငံ House of Representatives မှတာဝန်ရှိပုဂ္ဂိုလ်များ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ တာဝန်ရှိသူများက လေဆိပ်သို့ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အင်ဒိုနီးရှားနိုင်ငံလွှတ်တော် House of Representatives ဥက္ကဋ္ဌ H.E.Mr.Marzuki Alie နှင့် တွေ့ဆုံဆွေးနွေးစဉ်။
(သတင်းစဉ်)

မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၁၉

မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ(၅/၂၀၁၃) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာတွင် **(အောက်ပုံ)** မော်တော်ယာဉ် တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေး ကော်မတီ၏ကြီးကြပ်မှုဖြင့် မော်တော်ယာဉ်တင်သွင်းမှုကိစ္စများ ဆောင်ရွက်လာခဲ့သည်မှာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလအထိ အထူးအစီအစဉ်ဖြင့် မော်တော်ယာဉ် ၁၁၁၁၀၆ စီး၊ ယာဉ်အိုယာဉ်ဟောင်း အစားထိုးပါမစ်ထုတ်ပေးမှု ၇၈၁၂၂ စီး တင်သွင်းခွင့်ပြုခဲ့ပြီး ပြည်သူများ ကြိုက်နှစ်သက်သော မော်တော်ယာဉ် အရောင်းစင်တာ ၁၄၈ ခု ဖွင့်လှစ်ခွင့်ပြု၍ ဆောင်ရွက်ပေးခြင်း၊ မော်တော်ယာဉ်အသစ်များအား အရောင်းပြခန်းတွင် တင်သွင်းရောင်းချနိုင်ရန်အတွက် Show Room နှစ်ခု ဖွင့်လှစ်ရောင်းချခွင့် ဆောင်ရွက်ပေးခြင်း၊ တင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်များအတွက် ခုနှစ်သတ်မှတ်ရာတွင် အထူးအစီအစဉ်၊ ပုံမှန်ခွင့်ပြုသည့်အစီအစဉ်၊ ပြည်ပမှ လှူဒါန်းသည့်အစီအစဉ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် အငှားယာဉ် Taxi ခွင့်ပြုသည့် အစီအစဉ် စသည်ဖြင့် Model Year အလိုက် ပြောင်းလဲခြင်းများ လုပ်ထုံးလုပ်နည်းအရဆောင်ရွက်ခြင်းနှင့် ယာဉ်အိုယာဉ်ဟောင်း အစားထိုးပါမစ် ထုတ်ပေးမှုအတွက် CIF တန်ဖိုး၊ လူပုဂ္ဂိုလ်တစ်ဦးချင်း လျှောက်ထားမှု၊ နိုင်ငံခြားရေးဝန်ထမ်းများ၊ သင်္ဘောသားများ၊ ပြည်ပအလုပ်သမားများ စသည်ဖြင့် အထူးအစီအစဉ်ဖြင့် မော်တော်ယာဉ်တင်သွင်းခြင်းအတွက် CIF တန်ဖိုးသတ်မှတ်ခြင်းအား One Stop Service အဖွဲ့ဝင်များ၊ အရောင်းစင်တာများမှ ကုမ္ပဏီကိုယ်စားလှယ်များနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ယနေ့အစည်းအဝေးတွင် ထပ်မံညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက မော်တော်ယာဉ်တင်သွင်းခြင်းကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးတင်ယု သံအမတ်ခန့်အပ်လွှာ ပေးအပ်ပြီးဖြစ်

နေပြည်တော် ဒီဇင်ဘာ ၂၀

ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် မင့်စ်မြို့၌ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးစိုးနွယ် သံအမတ်ခန့်အပ်လွှာ ပေးအပ်ပြီးဖြစ်

နေပြည်တော် ဒီဇင်ဘာ ၂၀

ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးနွယ်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဗီယင်နာမြို့၌ ဩစတြီးယားသမ္မတနိုင်ငံသမ္မတ ဒေါက်တာ ဟိန့်ဇ် ဖစ်ရှာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်

ရန်ကုန် ဒီဇင်ဘာ ၁၉

ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၅ နာရီခွဲတွင် ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် စိုက်ပျိုးရေးလမ်းဆုံ၌ ကျင်းပရာ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ စုစုပေါင်း ၅၂၀ ခန့်တို့က စစ်ဗျူဟာ(အခြေချ) မြို့ဂိတ်အထိ တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၀-၁၂-၂၀၁၃ (သောကြာနေ့)

၆း၀၀	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၁၅	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
၉း၀၀	လှေလှော်ပြိုင်ပွဲ
၄း၀၀	(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာအသင်းနှင့် မလေးရှားအသင်း) (အမျိုးသမီး)
၆း၀၀	ပြည်တွင်းသတင်း မိုးလေဝသသတင်း
၇း၃၀	(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ထိုင်းအသင်းနှင့်ဗီယက်နမ်အသင်း) (အမျိုးသမီး)
၉း၂၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသသတင်း

နိုင်ငံတကာသတင်း

မူးယစ်ဆေး ၇၆ ကီလိုဂရမ် သိမ်းဆည်းရမိ

တော်လင်း ဒီဇင်ဘာ ၁၉

အက်စ်တိုးနီးယားနှင့် ဖင်လန်နိုင်ငံ နှစ်နိုင်ငံအကြားတွင် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ရေး တိုက်ဖျက်မှု စစ်ဆင်ရေးပြုလုပ်စဉ် ယင်းနှင့် ဆက်နွယ်နေသူ ၂၅ဦးကို ဖမ်းဆီးရမိကြောင်း၊ အဖက်တမင်းနှင့် အခြား မူးယစ်ဆေးဝါး စုစုပေါင်းအလေးချိန် ၇၆ကီလိုဂရမ်ကို သိမ်းဆည်းရမိကြောင်း ဒေသဆိုင်ရာသတင်းများက ဒီဇင်ဘာ ၁၉ရက်တွင်ဖော်ပြသည်။

ဖမ်းဆီးရမိသူ အုပ်စုအထဲတွင် အက်စ်တိုးနီးယားလူမျိုး အများဆုံး ပါဝင်ကြောင်း၊ နယ်သာလန်နိုင်ငံမှ ဖင်လန်နိုင်ငံသို့ မူးယစ်ဆေးဝါးများ ပို့ဆောင်ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

တူရကီ လာဘ်ပေးလာဘ်ယူအမှုတွင် ရဲအကြီးအကဲငါးဦးအား ရာထူးမှ ထုတ်ပယ်

အန်ကာရာ ဒီဇင်ဘာ ၁၉

တူရကီနိုင်ငံတွင် အထင်ကရ ပုဂ္ဂိုလ်များကို လာဘ်ပေးလာဘ်ယူမှု၊ လိမ်လည်မှုများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရာအစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၏ သားများအပါအဝင် ဒါဇင်နှင့်ချီသော လူများကို ဖမ်းဆီးခဲ့ပြီးနောက် ရဲတပ်ဖွဲ့မှ အကြီးအကဲ ငါးဦးကို ရာထူးမှ ထုတ်ပယ်လိုက်ကြောင်း မီဒီယာများက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

အဆိုပါ လာဘ်ပေးလာဘ်ယူမှု စစ်ဆင်ရေးသည် တစ်နိုင်ငံလုံးကို တုန်လှုပ်သွားစေခဲ့သည့်အပြင် အတိုက်အခံပါတီများကလည်း အစိုးရတစ်ဖွဲ့လုံး နုတ်ထွက်ပေးရန် တောင်းဆိုကြသည်။

တူရကီနိုင်ငံ၏ သမိုင်းတွင် အကြီးမားဆုံး အရှုပ်တော်ပုံဖြစ်သည့်အတွက် ဝန်ကြီးချုပ် နုတ်ထွက်ပေးရမည်ဟု အတိုက်အခံ ရီပတ်ဘလီကန်ပြည်သူ့ပါတီ(စီအိတ်ချ်ပီ)မှ အင်ဂျင်အဲလ်တေက ပြောကြားသည်။

အရှက်တကွ စီးနင်း

ဆောက်လုပ်ရေးလုပ်ငန်းများ ချောမွေ့စေရေးအတွက် လာဘ်ပေးခြင်း၊ လာဘ်ယူခြင်း၊ ကန့်သတ်နယ်မြေအတွင်း ဆောက်လုပ်ရေးခွင့်ပြုမိန့်များ အခိုင်အမာ ဖြစ်စေရေးအတွက် ငွေကြေးနှင့် လဲလှယ်ခြင်း၊ ရွှေမှောင်ခိုခြင်းနှင့် ငွေကြေးခဝါချခြင်းတို့ ပါဝင်သော ပြစ်မှုများ ကျူးလွန်ကြသည်ဟု သံသယရှိသူများကို အရှက်တကွ အချိန်၌ ဝင်ရောက်စီးနင်းရာ အနည်းဆုံး လူ ၅၀ ဖမ်းဆီးခဲ့သည်။

ဆောက်လုပ်ရေးသူဌေး အလီအဂါအိုဂလူ၊ အစိုးရဗဟိုဘဏ်အကြီးအကဲ ဆူလေမန်အာစလန် အပါအဝင် ဗျူရိုကရက် အရာရှိကြီးများ၊ နာမည်ကြီး စီးပွားရေး လုပ်ငန်းရှင်ကြီးများနှင့် အတူ ပြည်ထဲရေးဝန်ကြီး မွန်မာဂူလာ၊ စီးပွားရေးဝန်ကြီး ဇာဖာကာဂလာယန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး အာဒိုဂန်ဘေရက်တာတို့၏ သားများကို ထိန်းသိမ်းခဲ့သည်။

ယင်းသို့ ဖမ်းဆီးခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်းတို့နှင့် စပ်လျဉ်း၍ ရဲတပ်ဖွဲ့က ပြောဆိုရန်ငြင်းသော်လည်း တစ်နှစ်ကြာမျှ စုံစမ်းထောက်လှမ်းပြီးနောက် ကိုင်တွယ်ခြင်းဖြစ်သည်ဟု သတင်းများက ဆိုသည်။

အေအက်ဖ်ပီ။

တူရကီပြည်ထဲရေးဝန်ကြီး၏သား ဆာရစ်ဂူလာ(နေကာမျက်မှန်တပ်ထားသည့် အလယ်လူ)ကို လုံခြုံရေးအစောင့်အရှောက်များဖြင့် ခေါ်လာစဉ်။

ကောင်စစ်ဝန် ဖမ်းသည့်ကိစ္စ တောင်းပန်ရန် အိန္ဒိယက အမေရိကန်ကို တောင်းဆို

နယူးဒေလီ ဒီဇင်ဘာ ၁၉

လွန်ခဲ့သည့် သီတင်းပတ်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ၎င်း၏သံတမန်တစ်ဦးကို ဗီဇာလိမ်လည်မှုပြုခဲ့သည်ဟု သံသယရှိသဖြင့် ဖမ်းဆီးခဲ့ခြင်းအတွက် တောင်းပန်ခြင်းပြုရန် အိန္ဒိယအစိုးရက အမေရိကန်အစိုးရအား တောင်းဆိုလိုက်ကြောင်း ကြာသပတေးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အစိုးရအဖွဲ့ဝန်ကြီး ကာမီလ်နတ်က အမေရိကန်ပြည်ထောင်စုကို အမှားအယွင်းပြုမိကြောင်းဝန်ခံရန် တောင်းဆိုလိုက်သည်။

အဆိုပါ ဖမ်းဆီးခြင်းအတွက် ဝမ်းနည်းပါသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ ပြောဆိုမှုသည် ကျေနပ်ဖွယ်ရာမဟုတ်ကြောင်း ၎င်းဝန်ကြီးကပြောကြားသည်။

၎င်း၏အိန္ဒိယအိမ်ဖော်ကို လုပ်ခလစာ လျှော့နည်းစွာပေးသည်ဟု စွပ်စွဲခြင်းခံရသည့် ဒုတိယကောင်စစ်ဝန် ဒေယာနီခိုဘရာဂါဒီသည် ဗီဇာလိမ်လည်မှုပြုလုပ်ခဲ့သည် ဆိုသည်ကို မဟုတ်ကြောင်း ငြင်းဆိုခဲ့ပြီး ဗီဇာလျှောက်လွှာတွင် မှားယွင်းစွာဖော်ပြမိခြင်းသာဖြစ်သည်ဟုဆိုသည်။

အဝတ်အစားများချွတ်၍ ရှာဖွေခဲ့သည့်အပြင် လက်ထိတ်ခတ်ခြင်းသည် မစ္စခိုဘရာဒီကို အရှက်တကွဲ ဖြစ်စေခဲ့ရာ အိန္ဒိယနှင့် အမေရိကန်ပြည်ထောင်စုအကြား သံတမန်ရေးရာ အချင်းများမှုများ ဖြစ်ပေါ်စေခဲ့သည်။

၎င်းကို လွန်ခဲ့သည့်သောကြာနေ့တွင် မန်ဟက်တန်တရားရုံး၌ ရုံးတင်ခဲ့ပြီး အာမခံငွေ ဒေါ်လာ ၂၅၀၀၀၀ ဖြင့် လွှတ်ပေးခဲ့သည်။

နယူးဒေလီမြို့တွင်းရှိ အမေရိကန်သံရုံးဝန်းကျင်မှ ၎င်းတို့၏လုံခြုံရေး အတားအဆီးများကို ဖယ်ရှားခဲ့ပြီး အလည်အပတ်ရောက်ရှိနေသည့် အမေရိကန် ကိုယ်စားလှယ်အဖွဲ့ကိုလည်း အိန္ဒိယအစိုးရတာဝန်ရှိပုဂ္ဂိုလ်များနှင့် နိုင်ငံရေးသမားများက လျစ်လျူရှု၍ တွေ့ဆုံခြင်းမပြုခဲ့ကြဟုဆိုသည်။

ဘီဘီစီ။

အစိုးရတပ်ဖွဲ့နှင့် သူပုန်များ တိုက်ပွဲဖြစ်ပွားသဖြင့် ဆူဒန်ပြည်သူများ ဘေးလွတ်ရာသို့ ထွက်ပြေးနေကြစဉ်။

တောင်ဆူဒန်မှ မဟာဗျူဟာမြောက်မြို့အား သူပုန်များသိမ်း

ဂျူဘာ(တောင်ဆူဒန်) ဒီဇင်ဘာ ၁၉

ဒီဇင်ဘာ ၁၅ရက်၌ အာဏာသိမ်းရန် ကြိုးပမ်းမှုများ ဖြစ်ခဲ့သည်ဟု သတင်းများထွက်ပေါ်လာပြီးနောက် တောင်ဆူဒန်သူပုန်များသည် မဟာဗျူဟာကျသော မြို့တစ်မြို့ကို သိမ်းယူခဲ့ကြောင်း တောင်ဆူဒန်နိုင်ငံစစ်ဘက်က ကြာသပတေးနေ့တွင် ပြောကြားသည်။

၎င်းတို့၏တပ်ဖွဲ့များက မထိန်းချုပ်နိုင်တော့သဖြင့် ဘော်မြို့သည် ဂိုက်မာချာ၏ တပ်ဖွဲ့လက်သို့ ကျရောက်သွားကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဖိလစ်အာဂူယာက ပြောကြားသည်။

သမ္မတ ဘာလ်ဗာကီယာက ဒုတိယသမ္မတဟောင်း မာချာသည် အာဏာသိမ်းရန် ကြံစည်ခဲ့သည်ဟု စွပ်စွဲသည်။

ပျံ့နှံ့လျက်ရှိ

မြို့တော်ဂျူဘာမှ စတင်ခဲ့သောမတည်မငြိမ်မှုသည် လူ ၅၀၀ခန့် သေဆုံးခဲ့ပြီး ထိတ်လန့်ကြောက်ရွံ့မှုများ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့လျက်ရှိသည်။

လွတ်လပ်ရေးရပြီးနောက် သူပုန်များသည် လက်နက်စွဲကိုင်၍ တိုက်ခိုက်လျက်ရှိပြီး ဘော်မြို့ကို သိမ်းယူသော သူပုန်အုပ်စုလည်း အပါအဝင်ဖြစ်သည်။

ကုလစိုးရိမ်

တောင်ဆူဒန်၏အဓိကလူမျိုးစုနှစ်စုဖြစ်သည့် သမ္မတ ကီယာ၏ ဒင်ကာလူမျိုးစုနှင့် မစ္စတာမာချာ၏ နျူယာလူမျိုးစုနှစ်စုအကြား ပြည်တွင်းစစ်ပွဲဖြစ်လာမည်ကို ကုလသမဂ္ဂက စိုးရိမ်လျက်ရှိသည်။

ဘီဘီစီ။



ခရမ်းကျောင်းသား/သူဟောင်းများ၏ (၂၂)ကြိမ်မြောက်အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ခရမ်း အထက-၁၊ အထက-၂(မြို့မ)ကျောင်းသား/သူဟောင်းများ၏ အာစရိယပူဇော် ပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်ပါသည်။ အသက်(၆၀)ပြည့်ပင်စင်ယူပြီးသော ဆရာ၊ ဆရာမကြီးများ ပူဇော်ခံကြွရောက်ကြပါရန်နှင့် တပည့်ကျောင်းသား၊ ကျောင်းသူများအားလုံး တက်ရောက်ကြပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ - သာသနာ့ဗိမာန်တော် -သကျမာရဇိန်သွန်းဘုရားကြီး ခရမ်းမြို့
ကျင်းပမည့်နေ့ရက် - ၂၉-၁၂-၂၀၁၃ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၃၀ နာရီ

ဆက်သွယ်လှူဒါန်းလိုပါလျှင်

၁။ ဦးစိန်သန်းအောင် ၀၉-၄၂၀၁၇၄၈၂၁
၂။ ဦးသက်ထွန်းဦး ၀၉-၄၉၂၃၂၄၂၈
၃။ ဦးကျော်ထက်လင်း ၀၉-၈၆၄၆၁၁၉
၄။ ဦးမြင့်သက်ဦး ၀၉-၄၄၈၀၁၈၉၁၀
၅။ ဦးမောင်တီး ၀၉-၄၅၀၀၁၅၃၃၆
၆။ ဦးမိုးကျော်ခိုင် ၀၉-၈၆၄၅၇၀၁
၇။ ဒေါ်အေးယုမာ ၀၉-၄၂၀၂၃၀၈၁၁
၈။ ဦးဇော်လင်း ၀၉-၅၅၀၂၀၁၃
၉။ ဦးလမင်း ၀၉-၅၁၇၆၅၇၄
၁၀။ ဦးသက်နောင်ဝင်း ၀၉-၇၃၀၅၀၂၂၂
၁၁။ ဦးလှမျိုးဆက် ၀၉-၈၆၄၅၄၁၄
၁၂။ ဒေါ်မြင့်သက်ခိုင် ၀၉-၅၁၆၃၁၀၉
၁၃။ ဒေါ်ယဉ်ယဉ်သန်း ၀၉-၅၁၉၀၈၁၃
၁၄။ ဦးဇော်မျိုးအောင်(နေပြည်တော်)၀၉-၄၉၂၂၀၀၅၉
၁၅။ ဦးတင်မျိုးနိုင်(နေပြည်တော်)၀၉-၅၀၄၇၇၃၆

ရပ်နီးရပ်ဝေးမှတပည့်များကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်
၀၄၀၁၂၂၀၀၁၁၇၄၂ (ရွှေဘုံသာဘဏ်ခွဲသို့ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ရန်ကုန်စက်ဆန်း မထသကားဂိတ်မှ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ပြည်ခိုင်ဖြိုးကားဂိတ်မှ ၂၉ ရက် နံနက် ၇ နာရီတွင်လည်းကောင်း ကားများခရမ်းမြို့သို့ ထွက်မည်ဖြစ်ပါသည်။

●ကျောဖုံးမှ

အမျိုးသမီးပြိုင်ပွဲများတွင် မြန်မာအသင်းက ကမ္ဘောဒီးယားအသင်းကို ခုနစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိပြီး တတိယနေရာလုပွဲသို့ တက်ရောက်သွားသည်။ မြန်မာအမျိုးသမီးအသင်းသည် ခြောက်သင်းပတ်လည်ယှဉ်ပြိုင်ကစားသည့် အုပ်စုတွင်း အခြားပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းအား တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ထိုင်းအသင်းနှင့် ဂိုးမရှိ သရေကျကာ မလေးရှားအသင်းအား ခြောက်ဂိုး- ဂိုးမရှိ၊ စင်ကာပူအသင်းအား နှစ်ဂိုး- တစ်ဂိုးတို့ဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းအနေဖြင့် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ ခုနစ်မှတ်ဖြင့် အုပ်စုစတုတ္ထရရှိကာ တတိယနေရာလုပွဲသို့ တက်ရောက်သွားပြီး ယနေ့နံနက်၉ နာရီတွင် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် ထိုင်းအသင်းအားလေးဂိုး- နှစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည့် စင်ကာပူအသင်းနှင့် ဒီဇင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မလေးရှားအသင်းနှင့်ထိုင်းအသင်းက ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟော်ကီအားကစားပြိုင်ပွဲ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးဟော်ကီအသင်းသည် ယခုနှစ် ဧပြီလမှ စတင်၍ အမျိုးသမီးဘောလုံးနှင့် ပြေးခုန်ပစ် အားကစားနည်းများမှ အားကစားသမားများ ရွေးချယ်ကာ စခန်းသွင်း လေ့ကျင့်ခဲ့သော အသင်းဖြစ်သည်။ ယင်းအားကစားသမားများမှာ ဟော်ကီကစားနည်းကို လွန်ခဲ့သော ရှစ်လခန့်ကမှစတင်၍ ကစားခဲ့ကြသော်လည်း ကြိုးကြိုးစားစား ယှဉ်ပြိုင်ကစားခဲ့ကြသည့်အတွက် ကမ္ဘာ့အဆင့် ၂၁ ရှိသည့် မလေးရှားအသင်း၊ ကမ္ဘာ့အဆင့် ၃၈ ရှိသည့် ထိုင်းအသင်းနှင့် ကမ္ဘာ့အဆင့် ၄၈ အဆင့်ရှိသည့် စင်ကာပူအသင်းတို့ကို အချိန်တိုအတွင်း ယှဉ်ပြိုင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသားဟော်ကီအသင်းမှာ ယနေ့ညနေ ၃ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် မလေးရှားအသင်းအား ၁၁ ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း အသင်းငါးသင်းပတ်လည်ယှဉ်ပြိုင်ကစားသည့် အုပ်စုတွင်း အခြားပွဲစဉ်များ၌ ဗီယက်နမ်အသင်းအားရှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ထိုင်းအသင်းအား သုံးဂိုး- နှစ်ဂိုး၊ စင်ကာပူအသင်းအား တစ်ဂိုး- ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ကာ ရမှတ်သုံးမှတ်ဖြင့် အုပ်စု စတုတ္ထနေရာရရှိကာ တတိယနေရာလုပွဲသို့ တက်ရောက်ပြီဖြစ်သည်။

မြန်မာအမျိုးသားအသင်း အနေဖြင့် ယနေ့တွင် မလေးရှားနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲ၌ ရှုံးနိမ့်သွားသော်လည်း ဒီဇင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် တတိယလုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး စင်ကာပူအသင်းနှင့် မလေးရှားအသင်းတို့သည် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေးနှုန်း စံချိန်တင်ကျဆင်း

ရန်ကုန် ဒီဇင်ဘာ ၁၉

ယနေ့နံနက်ပိုင်းတွင် မြန်မာ့အခေါက်ရွှေ နံနက်ပိုင်းဖွင့်ဈေးမှာ တစ်ကျပ်သား ငွေကျပ် ၆၅၀၈၀၀၊ ကမ္ဘာ့ ရွှေတစ်အောင်စ အမေရိကန်ဒေါ်လာ ၁၂၂၀ ဖြင့် ဈေးဖွင့်ပြီး ညနေပိုင်းတွင် တစ်ကျပ်သား ငွေကျပ် ၆၄၈၀၀၀၊ ကမ္ဘာ့ ရွှေတစ်အောင်စ အမေရိကန်ဒေါ်လာ ၁၂၀၄ ဖြင့် ဈေးပိတ်ကြောင်း၊ ၁၅ ပဲရည် တစ်ကျပ်သား ငွေကျပ် ၆၀၈၀၀၀ ရှိကြောင်း၊ ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ဦးအေးချိုက ယနေ့ကမ္ဘာ့ရွှေ၊ မြန်မာ့ရွှေဈေးသည် ငါးနှစ်အတွင်း စံချိန်တင်ကျဆင်းခဲ့သည့် ဈေးဖြစ်ပြီး ၂၀၁၁ ခုနှစ် မြန်မာ့ရွှေဈေးမှာ ငွေကျပ် ၇၇၀၀၀၀ ကျော်၊ ၂၀၁၂ ခုနှစ် မြန်မာ့ရွှေဈေးမှာ ငွေကျပ် ၇၉၀၀၀၀ ကျော်ရှိခဲ့၍ ယခုရွှေဈေးသည် ယခင်နှစ်ရွှေဈေးထက် ကျပ်တစ်သိန်းကျော် လျော့နည်းကျဆင်းနေသည့်အတွက် ရွှေဝယ်လိုအား ရောင်းလိုအားမျှတနေကြောင်း၊ ရွှေဝယ်ယူစုဆောင်းလိုသူများအတွက် အကောင်းဆုံးအချိန်ဖြစ်ကြောင်း ပြောကြားသွားသည်။

ရန်ကုန်၊ မန္တလေးကားဈေးကွက်မှာ ၂၀၁၃ နှစ်ကုန်ပိုင်း ရောက်ရှိနေသောကြောင့် ကားဈေးကွက်မှာ လုံးဝအေးနေကြောင်း၊ 'အ' အက္ခရာ ယာဉ်ဟောင်း ဈေးမှာ ငွေကျပ်သိန်း ၈၀ ဝန်းကျင်ရှိပြီး အမည်ပေါက် ကားစလစ်ဈေးမှာ ငွေကျပ် သိန်း ၉၀ ဝန်းကျင်ရှိကြောင်း ကားပွဲစားတန်းမှ သိရသည်။

(အေးကို)

တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၁၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကရင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှ အပူချိန်အောက် ၇ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင် အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။



(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးအကြိုဂုဏ်ပြုဆောင်းပါး

မသန်သော်လည်း စွမ်းပါသည် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်မည်

ကမ္ဘာ့လူဦးရေ၏ ဆယ်ပုံတစ်ပုံခန့်သည် မသန်စွမ်းသူများဖြစ်ကြသည်။ ကမ္ဘာ့လူသားတိုင်းသည် မည်သည့် အသက်အရွယ်တွင်မဆို အကြောင်းအမျိုးမျိုးကြောင့် အချိန်တိုင်း၊ နေရာတိုင်းတွင် မသန်စွမ်းဖြစ်နိုင်ကြပေသည်။ ယနေ့ ကမ္ဘာပေါ်တွင် မသန်စွမ်းသူဦးရေ တစ်ဘီလီယံအထိရှိလာပြီး ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းခန့်ရှိသည်။ မသန်စွမ်းသူများအရေးသည် တစ်ကမ္ဘာလုံးက အထူးအာရုံစိုက်အလေးထားသည့် ကိစ္စတစ်ရပ်ဖြစ်သည်။ သို့ဖြစ်၍ နှစ်စဉ် ဒီဇင်ဘာ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ (International Day of Disabled Persons) ဟု ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ထားသည်။

“မသန်လည်းလူ၊ သန်လည်းလူ၊ စွမ်းဆောင်မှုသာအဓိက” ဆိုသည့်အတိုင်း မသန်စွမ်းသူများသည်လည်း လူသားတစ်ဦးပင်ဖြစ်ပေရာ၊ မိမိတို့ဘဝရပ်တည်နိုင်ရေးအတွက် ကျန်းမာသန်စွမ်းရန်၊ စိတ်ဓာတ်ကြံ့ခိုင်ရန်၊ ဉာဏ်ပညာမြင့်မားပြီး ဗဟုသုတပြည့်စုံရန် လိုအပ်ပါသည်။ ထို့ကြောင့် မသန်စွမ်းသူများ၏ စိတ်ဓာတ်မြင့်မားရေး၊ ခန္ဓာကိုယ် ကျန်းမာသန်စွမ်းရေးအတွက် ဆေးပညာဖြင့်လည်းကောင်း၊ လူမှုရေးအားဖြင့်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအားဖြင့်လည်းကောင်း၊ ကူညီပံ့ပိုးကာ ပြန်လည်ထူထောင်ပေးလျက်ရှိပါသည်။ **မသန်စွမ်းသူများအတွက် ခန္ဓာကိုယ် ကျန်းမာသန်စွမ်းပြီး စိတ်ဓာတ်မြင့်မားလာရန် အားကစားလုပ်ခြင်းဖြင့် မြှင့်တင်နိုင်ပေရာ မသန်စွမ်းအားကစားနည်းများ ပေါ်ပေါက်လာခဲ့သည်။** မသန်စွမ်းသူများဆိုရာတွင် ကိုယ်အင်္ဂါမသန်စွမ်းသူများ၊ ကိုယ်အင်္ဂါမပြည့်စုံသူများအပြင် ဉာဏ်ရည်မမီသူများလည်း ပါဝင်ကြရာ မိမိတို့ဝါသနာပါရာ အားကစားနည်းများအား လေ့လာလေ့ကျင့်ပြီး ကျန်းမာပျော်ရွှင်စွာ ရပ်တည်နေထိုင်နိုင်ကြသည်။ မသန်စွမ်းဖြစ်ရသည့် အကြောင်းခြင်းရာများ မတူညီသကဲ့သို့ မသန်စွမ်းသည့် အနေအထားလည်း မတူညီကြရာ မသန်စွမ်းအားကစားပြိုင်ပွဲများသည် ခက်ခဲနက်နဲလှသည်။

မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမားများအနေဖြင့် လေးနှစ်တစ်ကြိမ်ကျင်းပသည့် အရှေ့ဖျားနှင့် တောင်ပစိဖိတ်ဒေသဆိုင်ရာ မသန်စွမ်းအားကစားပွဲတော် The Far East & South Pacific Games for The Disabled (FESPIC)တွင် ၁၉၇၅ ခုနှစ် ပထမအကြိမ်ကျင်းပစဉ်မှ ၂၀၁၂ ခုနှစ် နဝမအကြိမ်အထိ ပြည်ပပွဲစဉ်တိုင်းကို မပျက်မကွက်ဝင်ရောက်ယှဉ်ပြိုင်ကာ ဆုတံဆိပ်များစွာရရှိခဲ့သည်။ နိုင်ငံတကာမသန်စွမ်းသူများ၏ အားကစားပြိုင်ပွဲ The Paralympic Games များတွင်လည်း မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပေရာ အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် (ASEAN Para Sports Federation-APSF)၏ အဖွဲ့ဝင်နိုင်ငံလည်း ဖြစ်သည်။ အာဆီယံဒေသတွင်းရှိ မသန်စွမ်းသူများ အားကစားအဆင့်အတန်းတိုးတက်စေရေး၊ ဒေသတွင်းမှ ချစ်ကြည်ရင်းနှီးမှု တိုးတက်မြှင့်တင်စေရေးတို့ကို ရည်ရွယ်ပြီး ၂၀၀၁ ခုနှစ်မှစတင်ကာ အာဆီယံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့သည်။ စတင်ဖွဲ့စည်းသည့် ၂၀၀၁ ခုနှစ်မှာပင် တစ်ကြိမ် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို မလေးရှားနိုင်ငံတွင် စတင်ကျင်းပခဲ့သည်။ (၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ၂၀၀၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင်လည်းကောင်း၊ (၃) ကြိမ်မြောက်ကို ၂၀၀၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင်(၄)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ထိုင်းနိုင်ငံတွင်လည်းကောင်း၊ ၂၀၀၉ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ (၅)ကြိမ်မြောက်ပြိုင်ပွဲကိုလည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် (၆)ကြိမ်မြောက်အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံတွင် လည်းကောင်း အသီးသီးကျင်းပနိုင်ခဲ့သည်။

ဒေါက်တာချော

မြန်မာနိုင်ငံတွင်လည်း ပထမဆုံးအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့မှ ၂၀ ရက်နေ့အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် လက်ခံကျင်းပတော့မည်ဖြစ်ပါသည်။ အားကစားပြိုင်ပွဲကြီး၏ ရည်ရွယ်ချက်မှာ “ချစ်ကြည်ရင်းနှီးမှု(Friendship)၊ စုစည်းညီညွတ်မှု (Unity) နှင့် တန်းတူညီမျှမှု(Equality)”ဖြစ်ပါသည်။ အာဆီယံနိုင်ငံသူ နိုင်ငံသားများအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ အာဆီယံဒေသတွင်းနိုင်ငံများ အချင်းချင်း စည်းလုံးညီညွတ်မှုနှင့် မသန်စွမ်းအားကစားသမားများ၏ လူသားတစ်ယောက်ဟူသည့် လူ့အခွင့်အရေးတန်းတူရရှိမှုကို ပြသမည့်ပွဲကြီးလည်းဖြစ်ပါသည်။

အဆိုပါ အားကစားပြိုင်ပွဲကြီးတွင် အာဆီယံနိုင်ငံပေါင်း ၁၀ နိုင်ငံမှ အားကစားသမား စုစုပေါင်း ၁၄၀၀ ကျော်မှ အားကစားနည်း ၁၂ မျိုးကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြားပစ်၊ ပြေးခုန်ပစ်၊ ဘိုစီယာ၊ စစ်တုရင်၊ ဘောလုံး တစ်ဖက် ငါးယောက်၊ ဘောလုံးတစ်ဖက် ခုနစ်ယောက်၊ ဂိုးလ်ဘော၊ အလေးမ၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ထိုင်လျက်ဘော်လီဘော၊ ဘီးတပ်ဘတ်စကက်ဘောပြိုင်ပွဲများဖြစ်ကြသည်။ မြန်မာနိုင်ငံမှလည်း အုပ်ချုပ်သူနည်းပြများ အပါအဝင် မသန်စွမ်းအားကစားသမားပေါင်း ၂၇၀ မှ ပြေးခုန်ပစ်၊ ရေကူး၊ စစ်တုရင်၊ ဘော်လီဘော စသည့် အားကစားနည်း ခုနစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မသန်စွမ်းအားကစားသမားများကို မသန်သော်လည်း စွမ်းဆောင်နိုင်စေရန် ကာယပိုင်းဆိုင်ရာကြံ့ခိုင်မှုများအပြင် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားလေ့ကျင့်ပေးသည်။ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့မှ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ အကြိုတံခွန်စိုက်ဖလားပြိုင်ပွဲများကို နေပြည်တော်တွင် ဇူလိုင်လအတွင်းကျင်းပကာ အားကစားသမားများကို အားသစ်လောင်းပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမား ၂၀၀ ကျော် အားကစားလေ့ကျင့်ရန်ရည်ရွယ်၍ မသန်စွမ်းအားကစားစင်တာတစ်ခုကို တည်ဆောက်ပံ့ပိုးပေးပြီး စခန်းသွင်းကာ လေ့ကျင့်ပေးလျက်ရှိပါသည်။ မသန်စွမ်းအားကစားသမားများကို မသန်သော်လည်း စွမ်းဆောင်နိုင်စေရန် ကာယပိုင်းဆိုင်ရာကြံ့ခိုင်မှုများအပြင် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားလေ့ကျင့်ပေးသည်။ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့မှ (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအား ကစားပြိုင်ပွဲ အကြိုတံခွန်စိုက်ဖလားပြိုင်ပွဲများကို နေပြည်တော်တွင် ဇူလိုင်လအတွင်းကျင်းပကာ အားကစားသမားများကို အားသစ်လောင်းပေးနိုင်ခဲ့သည်။ ထို့ပြင် (၂၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲများလည်း အောက်တိုဘာလတွင် ကျင်းပပေးခြင်းဖြင့် နိုင်ငံတကာအဆင့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲအတွက် အကြိုလေ့ကျင့်နိုင်ခဲ့သည်။

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးတွင် ဖွင့်ပွဲ/ပိတ်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးတွင် မသန်စွမ်းသူများ၏ မသန်စွမ်းတီးဝိုင်း၊ မျက်မမြင်မြန်မာ့ဆိုင်းဝိုင်းများဖြင့်လည်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။ အားကစားမလုပ်နိုင်သည့် မသန်စွမ်းသူအယောက် ၈၀ ပါ အဖွဲ့ ၁၂ ဖွဲ့ စုစုပေါင်း ၉၆၀ ကလည်း အားကစားပြိုင်ပွဲများကို လာရောက်ကြည့်ရှုအားပေးကြမည်ဖြစ်ပါသည်။ အာဆီယံမသန်စွမ်းအားကစားပွဲတော်ကာလအတွင်း အားကစားရွာအတွင်း မျက်မမြင်အနုပညာရှင်များ၏ မိုဘိုင်းဖျော်ဖြေရေးစင်မြင့်များဖြင့် လှည့်လည်ကာ ဖျော်ဖြေသွားမည်ဖြစ်သည်။

မိမိတို့ ပြည်သူများအနေဖြင့်လည်း မသန်သော်လည်း စွမ်းရည်အပြည့်အဝရှိသည့် မသန်စွမ်းအားကစားသမားများ၏ နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်လိုသည့် စိတ်ဓာတ်များ၊ နိုင်ငံ့ဂုဏ်ကိုဆောင်ရန်ကြိုးပမ်းနေသည့် စေတနာများအပြင် နိုင်ငံကိုယ်စားပြုအားကစားပွဲကြီးတွင်ကျရာနေရာမှ အနုပညာကဏ္ဍဖြင့် ပါဝင်ဖျော်ဖြေသူများ၊ တက်ရောက်အားပေးကြသည့် မသန်စွမ်းသူများ၏ စိတ်ပါဝင်စားမှုကို အသိအမှတ်ပြုလေးစား ဂုဏ်ပြုကြရမည်ဖြစ်သည်။ မသန်စွမ်းသူများအပေါ် မမြင်ယောင်မျက်ကွယ်ပြုလေ့ရှိသည့်စရိုက်၊ ဖဲကြဉ်လေ့ရှိသည့် အယူအဆများကိုပြင်ဆင်ပြီး မသန်စွမ်းသူများတွင် တွေ့ကြုံနေရသည့်အခက်အခဲအတားအဆီးများကို ကူညီဖယ်ရှားပေးရမည်ဖြစ်သည်။ ကိုယ်ချင်းစာနာသောစိတ်ဖြင့်ဖေးမပြီး မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးတွင် မြန်မာ့ဂုဏ်ဆောင်မသန်စွမ်းအားကစားသမားများကို အင်တိုက်အားတိုက် တတ်နိုင်သည့်ဘက်မှ အားပေးကူညီကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဟသ်ာတခရိုင်ရှိ ပြည်သူ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၉

နိုင်ငံတော်အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဦးမြင့်သိန်းတို့သည် ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်-ရေကြည်-ကျုံပျော်-အထောင်-ဟသ်ာတလမ်း တစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး ဟသ်ာတမြို့ မြို့တော်ခန်းမ၌ ဟသ်ာတခရိုင်ရှိ ပြည်သူ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံ သည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီး ဦးစိုးတင့်က ဟသ်ာတခရိုင်ရှိ ပြည်သူတို့၏ဆန္ဒ၊ လိုအပ်ချက်၊ ဖြစ်လိုသည်များ၊ သိလိုသည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဦးမြင့်သိန်းတို့က ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ရှင်းလင်းမှာကြားပြီး ပြည်သူ့ကိုယ်စားလှယ်များ၏ မေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိအမြဲရှိ

စလင်းမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း

စလင်း ဒီဇင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် မိုးစပါးရိတ်သိမ်းခြင်းနှင့် ထွက်နှုန်းမှတ်တမ်းတင်ခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက လက်မဲကျေးရွာ တောင်သူ ဦးဘိုမြင့်၏ ကွင်းအမှတ် (၁၉၆) ဦးပိုင် (၅၈)ရှိ မိုးစပါးစိုက်ခင်းတွင် ပုလဲသွယ် အထွက်တိုး စပ်မျိုးစပါးကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်စိုက်ညှိအဖွဲ့များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာတောင်သူများက စံကွက်ရိတ်သိမ်းခဲ့ကြရာ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၁၆၄ ဒသမ ၀၆ ခန့်ထွက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

(၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
- ☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

အိန္ဒိယနှင့်မြန်မာနိုင်ငံတို့သည် ကာကွယ်ရေးကဏ္ဍအပါအဝင် နယ်ပယ်အားလုံးတွင် ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၉

OTA (Officer Training Academy)ကျောင်းဆင်းပွဲ တက်ရောက်ရန် ဂါယာမြို့သို့ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပ်ချိုစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် ဒီဇင်ဘာ ၁၄ ရက်တွင် OTA (Officer Training Academy) ကျောင်းဆင်းပွဲ စစ်ရေးပြအခမ်းအနားနှင့် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားများသို့ ဂုဏ်ပြုဧည့်သည်တော်အဖြစ် ပါဝင်တက်ရောက်ကြရာ ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးအား သတ်မှတ်နေရာမှ ဂုဏ်ပြုမြင်းယာဉ်ရထားလုံးဖြင့် စစ်ရေးပြအခမ်းအနားရှိရာသို့ ကြိုဆိုခဲ့သည်။

စစ်ရေးပြအခမ်းအနားသို့ ရောက်ရှိရာ OTA ကျောင်းအုပ်ကြီး Lt Gen G S Bisht, VSM၊ ဇနီးနှင့် တာဝန်ရှိသူတို့က ကြိုဆိုခဲ့ကြပြီး အလေးပြုခံစင်မြင့်၌ ဗိုလ်လောင်းများ၏ အလေးပြုခြင်းကို ခံယူခဲ့သည်။

ဆက်လက်၍ မော်တော်ယာဉ်ဖြင့် ကျောင်းဆင်းဗိုလ်လောင်းများအား လှည့်လည်စစ်ဆေးခဲ့ပြီး ဗိုလ်လောင်းများ၏ အမြန်လျှောက် အလေးပြုခြင်းအားခံယူခဲ့သည်။ ထို့နောက် ဆုရဗိုလ်လောင်း ငါးဦးအား တစ်ဦးချင်း ဆုချီးမြှင့်ခဲ့ကာ စံပြတပ်ရင်းကိုယ်စားလှယ် ဗိုလ်လောင်းထံသို့ စံပြအလံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ယင်းနောက် ဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားခဲ့ရာ၌ ယခုကဲ့သို့ OTA ကျောင်းဆင်းပွဲသို့ ပထမဆုံးအကြိမ် တက်ရောက်ဂုဏ်ပြုချီးမြှင့်ခွင့်ရရှိ၍ မြန်မာ့တပ်မတော်ကိုယ်စား အထူးပင်ဂုဏ်ယူကျေးဇူးတင်ရှိပါကြောင်း၊ ဖိတ်ကြားပေးသည့် အိန္ဒိယနိုင်ငံကာကွယ်ရေးဝန်ကြီး Mr. AK Antony နှင့် အိန္ဒိယတပ်မတော်ကြည်းတပ် ဦးစီးချုပ် General Bikram Singh အားလည်း အထူးပင်ကျေးဇူးတင်ကြောင်း၊ ကျောင်းဆင်းအရာရှိများအနေဖြင့် ကျရာအခန်းကဏ္ဍ၌ ခေါင်းဆောင်မှုကိုပြသနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိကျောင်းတော်ကြီးနှင့် တပ်မတော်၏ ဂုဏ်သိက္ခာအား မထိခိုက်စေဘဲ မိမိကိုယ်မိမိ တန်ဖိုးထားလေးစားကြရန်၊ အထက်နှင့် လက်အောက်တို့အပေါ် တရားနည်းလမ်းကျစွာ ရိုသေလေးစားမှုဖြင့် ဥပဒေနှင့်အညီ လေးစားလိုက်နာကြရန် တိုက်တွန်းပါကြောင်း၊ ဗိုလ်လောင်းများ၏ ငယ်ရွယ်နုပျိုမှု၊ ဖျတ်လတ်သွက်လက်မှု၊ သပ်ရပ်သော ဝတ်စားဆင်ယင်မှုနှင့် ကောင်းမွန်ညီညာသော စစ်ရေးပြများသည် ချီးကျူးဖွယ်ရာဖြစ်ပါကြောင်း၊ အနာဂတ်တာဝန်ဝတ္တရားများကို အာရုံစိုက်လုပ်ဆောင်မည့် လက္ခဏာဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် သင်တန်းကျောင်း၏ စနစ်တကျလေ့ကျင့်ပေးမှု ပြယုဂ်ပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သည် ကာကွယ်ရေးကဏ္ဍအပါအဝင် နယ်ပယ်အားလုံးတွင် ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခင်ကတည်းက ကောင်းမွန်သော အပြန်အလှန် ဆက်ဆံရေးရရှိခဲ့ပါကြောင်း။

အိန္ဒိယနှင့်မြန်မာနိုင်ငံ၏ ဆက်ဆံရေးသည် ဆက်လက်တိုးတက်နေလိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ အလားတူ ဗိုလ်လောင်းများအား အရာရှိကောင်းများအဖြစ် မွေးထုတ်ပေးသည့် Officer Training Academy သည်လည်း အိန္ဒိယတပ်မတော်အတွက် စဉ်ဆက်မပြတ် အဖိုးတန် အရာရှိကောင်းများ မွေးထုတ်နိုင်ပါစေကြောင်းကိုလည်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကျောင်းဆင်းဗိုလ်လောင်းများမှ တစ်ဦးချင်း အနေးလျှောက်ခြင်းဖြင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြု၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် ကျောင်းဆင်းဗိုလ်လောင်းများ အရာရှိအဆင့်တံဆိပ်တပ်ဆင်ခြင်းနှင့် ကျမ်းကျိန်ခြင်း အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အပါအဝင် အိန္ဒိယကြည်းတပ်လေ့ကျင့်ရေးအရာရှိချုပ် Lt.General Sanjeev Madhok၊ OTA ကျောင်းအုပ်ကြီး Lt Gen G S Bisht, VSM တို့က ကျောင်းဆင်းဗိုလ်လောင်းများအား မိဘများနှင့်အတူ အရာရှိအဆင့်တံဆိပ်များအား ပြိုင်တူတပ်ဆင်ပေးခဲ့ကြပြီးနောက် ကျမ်းကျိန်ခြင်းအခမ်းအနား ဆက်လက်ကျင်းပကြသည်။ ထို့နောက် OTA အရာရှိစားရိပ်သာမြက်ခင်းပြင်၌ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများအား ခင်မင်ရင်းနှီးစွာဖြင့် တစ်ဦးချင်းနှုတ်ဆက်အားပေးအမှာစကားပြောကြားခဲ့သည်။

အဆိုပါကျောင်းဆင်းပွဲ စစ်ရေးပြအခမ်းအနားတွင် အင်ဂျင်နီယာဗိုလ်လောင်း ၄၃ ဦးအပါအဝင် ခြေလျင်နှင့် လက်ရုံးတပ်များအတွက် ဗိုလ်လောင်း ၁၃၇ ဦး စုစုပေါင်း ၁၈၀ ဖြင့် သင်တန်းဆင်းစစ်ရေးပြ အခမ်းအနားအား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

စုပေါင်းဓာတ်ပုံရိုက်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သိုးရိုပ်ချိုစိုးဝင်း OTA (Officer Training Academy) ကျောင်းဆင်းအရာရှိများနှင့် စုပေါင်းဓာတ်ပုံရိုက်စဉ်။

(မြဝတီ)

အထည်အလိပ်အတတ်ပညာ ဒီပလိုမာသင်တန်းဖွင့်

မန္တလေး ဒီဇင်ဘာ ၁၉

အမရပူရမြို့ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် အထည်အလိပ်အတတ်ပညာ ဒီပလိုမာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပခဲ့သည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ငွေက အဖွင့်အမှာစကား ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်က အထည်အလိပ်အတတ်ပညာ ဒီပလိုမာသင်တန်းနှင့်ပတ်သက်၍ သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အထည်အလိပ်အတတ်ပညာ ဒီပလိုမာသင်တန်းသည် ပထမဆုံးအကြိမ်ဖွင့်လှစ်သော သင်တန်းဖြစ်ပြီး ဒီပလိုမာ လက်မှတ်ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်သည်။ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတွင် ချည်မျှင်အထည်အလိပ် အတတ်ပညာ ဒီပလိုမာသင်တန်း၊ ရိုးရာလွန်းရာကျော်ချိတ်သင်တန်း၊ ရွှေချည်ငွေချည်ထိုး သင်တန်းများနှင့် စက်ရက်ကန်း စက်ပြင်/မောင်းသင်တန်း၊ အထည်ပန်းပုံရိုက်ခြင်းနှင့် ဆေးရေးပန်းချီသင်တန်း၊ အထည်ဒီဇိုင်းသင်တန်း၊ တွင်ခုံဖောက်ခုံသင်တန်း၊ သံဂဟေဆက်သင်တန်း၊ ဝါးအခြေခံလက်မှုအထည်သင်တန်းများ စသည့် ကာလတို အသက်မွေးဝမ်းကျောင်းပညာဆိုင်ရာ သင်တန်းများလည်း ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ **(ထွဏ်းလှအောင်)**

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယကများနှင့် နာယကအဖွဲ့ဝင်များ အောင်ပွဲရ မြန်မာလှေလှော်အားကစားသမားများအတွက် ဂုဏ်ပြုငွေများပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၉

ရိုးရာလှေလှော်ပြိုင်ပွဲများကို နေပြည်တော် ငလိုက်ဆည်တွင် ဒီဇင်ဘာ ၁၈ ရက်မှ စတင်ကျင်းပခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါ်နန်းရွှေမူန်၊ ဒုတိယသမ္မတ ဦးညွန့်ထွန်း၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်ခင်အေးမြင့်နှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကအဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးပြီး အောင်ပွဲရ မြန်မာလှေလှော်အားကစားသမားများအတွက် ဂုဏ်ပြုငွေများပေးအပ်ခဲ့ကြသည်။ **(ယာပုံ)**

ထိုသို့ပေးအပ်ရာတွင် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါ်နန်းရွှေမူန်က ငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်ခင်အေးမြင့်က ငွေကျပ်နှစ်သိန်း၊ သမ္မတရုံးဝန်ကြီးဌာန၊ စက်မှု၊ စွမ်းအင်၊ ယဉ်ကျေးမှု၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် နာယကအဖွဲ့ဝင်များက ငွေကျပ် ၁၅ သိန်း၊ မြန်မာနိုင်ငံအမျိုးသမီးနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းမှ ငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ငွေကျပ် ငါးသိန်းတို့အား မြန်မာ့ရိုးရာလှေလှော်အဖွဲ့ချုပ်သို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငလိုက်ရေပြင်မှာ ရွှေရောင်ဖြာ

- တက်မရှိရင်၊ လက်နဲ့လှော်ဟဲ့
  လက်မရှိရင်၊ ရွက်နဲ့လှော်တဲ့
  လှေခွက်ချည်းကျန်၊ အလံမလှဲ
  မြန်မာစိတ်ဓာတ်၊ လွှမ်းပတ်ကမ္ဘာတည်စေသော်။
- မနားနဲ့နော်၊ တအားကွဲ့လှော်
  လှော်ဟေ့လှော်ဟေ့၊ နိုင်ပေ့မြန်မာ
  ငလိုက်ရေမှာ၊ ရွှေရောင်ဖိတ်လို့ဖြာ
  ကျေးဇူးကမ္ဘာပါ ငလိုက်ရေ......။

မင်းထူးသစ်

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဗိုဗီနမ်အားကစားပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇေယျာသီရိ အားကစားရုံ (A)၌ ကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်ကျင်းပသည့် ဗိုဗီနမ်အားကစားနည်း ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး အခြားအားကစားနည်းများဖြစ်ကြသည့် ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒိုနှင့် ဘော်လီဘောအားကစားနည်းများကို ကြည့်ရှုအားပေးကာ ဆုများချီးမြှင့်ခဲ့ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဗိုဗီနမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားသမားများကွင်းအတွင်း နေရာယူပြီးနောက် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အရှေ့တောင်အာရှ ဗိုဗီနမ်အဖွဲ့ချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို ပြည်ထောင်စုဝန်ကြီးက မောင်းတီး၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပလျက်ရှိသည့် ပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲအသင်းလိုက် အမျိုးသမီးဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ညနေ ၅ နာရီတွင် နေပြည်တော် ဇေယျာသီရိ အားကစားရုံ(A)၌ ကျင်းပသည့် ဗိုဗီနမ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းဌေးတို့နှင့် အတူ တက်ရောက်ခဲ့သည်။

အစီအစဉ်အရ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ဗိုဗီနမ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း အပြဓားတစ်လက် ပြိုင်ပွဲဆုရရှိကြသော ပထမဆုရ မြန်မာနိုင်ငံမှ နှင်းသီတာ၊ ဒုတိယဆုရရှိသော ဗီယက်နမ်၊ တတိယဆုရရှိသော အင်ဒိုနီးရှားနိုင်ငံမှ အားကစားသမားများအား ဆုများကို ချီးမြှင့်ရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဆုတံဆိပ်နှင့် အမှတ်တရပစ္စည်းများကို ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အမျိုးသား လေးယောက်တွဲ အပြပွဲစဉ်တွင် ဆုရရှိကြသော ပထမဆုရ ဗီယက်နမ်အသင်း၊ ဒုတိယဆုရ အင်ဒိုနီးရှားအသင်း၊ တတိယဆုရ လာအိုအသင်းတို့အား ဆုများချီးမြှင့်ရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဆုတံဆိပ်နှင့် အမှတ်တရပစ္စည်းများကို ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ အပြပြိုင်ပွဲတွင် ပထမဆုရရှိသော မြန်မာနိုင်ငံမှ ခိုင်ဇင်ဝင်းနှင့် စုလဲ့ဖြိုးအတွဲ၊ ဒုတိယဆုရ ဗီယက်နမ် အသင်း၊ တတိယဆုရ အင်ဒိုနီးရှားအသင်းတို့အား ဆုများကို ချီးမြှင့်ကြရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဆုတံဆိပ်များနှင့် အမှတ်တရပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အမျိုးသမီးနှစ်ယောက်တွဲ အပြပြိုင်ပွဲတွင် ဆုရရှိကြသော ပထမဆုရ မြန်မာနိုင်ငံမှ ချိုးသဥ္ဇာဝင်းနှင့် ပပဝင်းတို့အတွဲ၊ ဒုတိယဆုရ ဗီယက်နမ်အသင်း၊ တတိယဆုရ လာအိုအသင်းတို့အား ဆုများကို ချီးမြှင့်ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ဆုတံဆိပ်များနှင့် အမှတ်တရပစ္စည်းများကို ချီးမြှင့်ခဲ့ကြသည်။

ဆုပေးပွဲအပြီး ပထမဆုရရှိကြသော မြန်မာ အားကစားသမားများအား ရွှေတောင် ဖွံ့ဖြိုးရေးကုမ္ပဏီမှ ဆုကြေးငွေကျပ်သိန်း ၁၀၀ စီနှင့် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ငွေသားဆု ခုနစ်သိန်းစီ ချီးမြှင့်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ဆုရမြန်မာအားကစားသမားများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသည်။**(သတင်းစဉ်)**

မြန်မာအမျိုးသား/အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲစဉ်များနှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

နေပြည်တော်ဝဏ္ဏသိဒ္ဓိ မိုးလုံလေလုံအားကစားပြိုင်ကွင်း(ဘီ)တွင် ယှဉ်ပြိုင်လျက်ရှိသည့် အမျိုးသား/အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့တွင် ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် မြန်မာအမျိုးသမီးအသင်းက အင်ဒိုနီးရှားအသင်းနှင့် အုပ်စုပွဲစဉ် ဆက်လက်ယှဉ်ပြိုင်ရာ မြန်မာအသင်းက ပထမပွဲစဉ်ငယ်သုံးပွဲနှင့် ဒုတိယပွဲစဉ်ငယ် သုံးပွဲ၊ ပြိုင်ပွဲနှစ်ခုလုံးတွင် နှစ်ပွဲပြတ် အနိုင်ရရှိခဲ့သည်။

တတိယပွဲစဉ်ငယ်သုံးပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားရာတွင် ပထမပွဲ မြန်မာက ၁၉-၂၁ မှတ်ဖြင့် အရှုံးနိမ့်ခဲ့ရာ ဒုတိယပွဲစဉ်တွင်မူ မြန်မာပရိသတ်တို့ အားပေးသံများ ပိုမိုကျယ်လောင်သက်ဝင်ခဲ့ပြီး အားကစားသမားများ စိတ်ဓာတ်တက်ကြွစွာဖြင့် အင်ဒိုနီးရှားအသင်းကို ၂၁-၁၈ မှတ်ဖြင့် အသာစီးရခဲ့သည်။

သို့နှင့် တတိယပွဲစဉ်ငယ်ကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ မြန်မာနှင့် အင်ဒိုနီးရှားနှစ်ဖက်သော ကစားသမားများသည် မိမိတို့အသင်းအနိုင်ရအောင်မြင်စေရေးအတွက် အားသွန်ခွန်စိုက်စိတ်ဓာတ်ထည့်သွင်းကစားခဲ့ကြသည်။ တစ်ဖက်နှင့်တစ်ဖက် အမှတ်ကွာဟမှု ကျဉ်းမြောင်းစေရန်အတွက် အင်ပြည့်အားပြည့်ကစားခဲ့ကြသော်လည်း နောက်ဆုံးတွင် မြန်မာအသင်းက ၁၈-၂၁ မှတ်ဖြင့် ရှုံးနိမ့်သွားခဲ့ရသည်။ သို့သော်လည်း မြန်မာအသင်းသည် အုပ်စု(ခ)၏ ပထမနေရာတွင် ရပ်တည်နေခဲ့သည်။

မွန်းလွဲပိုင်းတွင် မြန်မာအမျိုးသမီးအသင်းသည် ထိုင်းအသင်းနှင့် ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်ကစားကြရာ ပထမအကျော့ပွဲစဉ်ငယ် သုံးပွဲကစားရာတွင် မြန်မာအမျိုးသမီးအသင်းသည် ထိုင်းအသင်းနှင့် အမှတ်မတိမ်းမယိမ်း

လိုက်ပါကစားနိုင်ခဲ့သည်။**(အပေါ်ပုံ)**

ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲများတွင် ဒေသတွင်း အင်အားကြီးနိုင်ငံများဖြစ်ကြပြီး ယှဉ်ပြိုင်မှုအစဉ်အလာ ကြီးမားခဲ့ကြသူများပီပီ ယနေ့ပွဲစဉ်တွင် နှစ်ဖက်သော အားကစားသမားများက အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြသကဲ့သို့ နှစ်ဖက်ပရိသတ်များသည်လည်း သူ့ထက်ငါသာ အော်ဟစ်အားပေးကြသဖြင့် မိုးလုံလေလုံအားကစားကွင်း(ဘီ)အတွင်း အားပေးကြွေးကြော်သံများဖြင့် ဆူညံသက်ဝင်လျက်ရှိသည်။

ကွင်းလုံးပြည့်နီးပါးရှိနေသည့် မြန်မာပရိသတ်များ တီးခတ်နေသည့် ဒရမ်စည်းချက်သံများနှင့်အညီ မြန်မာ မြန်မာ ဟူသည့် ကြွေးကြော်အော်ဟစ်အားပေးသံများဖြင့် ဟစ်အော်အားပေးကြသော်လည်း မြန်မာအသင်းသည် ပြိုင်ဘက်အသင်းကို မတိမ်းမယိမ်းအမှတ်အနေအထားမျိုးဖြင့် နှစ်ပွဲပြတ် ရှုံးနိမ့်သွားခဲ့ရာ မြန်မာပရိသတ်တို့ မချင့်မရဲဖြစ်ခဲ့ရသည့် နေ့တစ်နေ့ပင်ဖြစ်ခဲ့သည်။

ထို့အတွက် မြန်မာအမျိုးသမီးအသင်းသည် ဗိုလ်လုပွဲတွင် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရပြီး ပထမဆု ရွှေတံဆိပ်အတွက် နေရာကို ထိုင်းအမျိုးသမီးအသင်းထံ ပေးအပ်ခဲ့ရသည်။ တတိယနေရာလုပွဲအတွက် ဗီယက်နမ်အသင်းက အင်ဒိုနီးရှားအသင်းကို အနိုင်ယူကစားသွားနိုင်ခဲ့သည်ကို တွေ့ရသည်။

ညနေပိုင်းတွင် အုပ်စု(ခ) ပထမ မြန်မာအမျိုးသားအသင်းနှင့် အုပ်စု(က) ဒုတိယကမ္ဘောဒီးယားအသင်းတို့ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဆက်လက်တွေ့ဆုံယှဉ်ပြိုင်ကစားကြသကဲ့သို့ အုပ်စု(က) ပထမ ဘရူနိုင်းအသင်းနှင့် အုပ်စု(ခ)မှ အင်ဒိုနီးရှားအသင်းတို့ တွေ့ဆုံယှဉ်ပြိုင်ကစားကြသည်။

မြန်မာအသင်း၏ ပထမအကျော့ ပွဲငယ်သုံးပွဲကစားရာတွင် ပထမပွဲငယ်နှင့် ဒုတိယပွဲငယ်တို့တွင် မြန်မာအသင်းက နှစ်ပွဲပြတ်အနိုင်ရလဒ်ဖြင့် ဗိုလ်လုပွဲစဉ်သို့ တက်ရောက်သွားနိုင်ခဲ့သည်။ သို့ဖြစ်ရာ မြန်မာအသင်းသည်ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် အင်ဒိုနီးရှားနှင့် ဘရူနိုင်းနှစ်နိုင်ငံအသင်းယှဉ်ပြိုင်မှုမှ အနိုင်ရရှိလာမည့် အသင်းနှင့် ရွှေတံဆိပ်ရယူရန် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

မြန်မာအမျိုးသားအသင်းသည် ရွှေတံဆိပ်ရရှိရန်အတွက် ရေပန်းစားလျက်ရှိသည့်အပြင် လာရောက်အားပေးကြည့်ရှုသူ ပရိသတ်များအတွက် စိတ်ကျေနပ်ဖွယ်ရာ ရလဒ်ကောင်းများ ဆောင်ကြဉ်းပေးနိုင်သည့်အတွက် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပမည့် ပြိုင်ပွဲစဉ်များတွင်လည်း မြန်မာပရိသတ်တို့ ကွင်းလုံးပြည့် လာရောက်ကြည့်ရှုကြလိမ့်မည်ဟု တာဝန်ရှိသူတစ်ဦးက ခန့်မှန်းပြောကြားသည်။

အမျိုးသား (နှစ်ယောက်တွဲ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲပြီးဆုံးသည်နှင့် တစ်ပြိုင်နက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာအမျိုးသား အမျိုးသမီးဟော်ကီအသင်းများ တတိယနေရာလုကြမည်

ရန်ကုန် ဒီဇင်ဘာ ၁၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသား အမျိုးသမီး ဟော်ကီပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးနေ့ပွဲစဉ်များကို ယနေ့နံနက် ၇ နာရီမှ စတင်ပြီး ရန်ကုန်မြို့ သိမ်ဖြူဟော်ကီကွင်းတွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ယနေ့ ယှဉ်ပြိုင်ကစားရာတွင် မြန်မာအမျိုးသမီးဟော်ကီအသင်းသည် ကမ္ဘောဒီးယားအမျိုးသမီးအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားနိုင်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပတ်လည် စုစုပေါင်း ရမှတ် ခုနစ်မှတ်ရရှိပြီး အမှတ်ပေါင်း ကိုးမှတ်ရရှိထားသော စင်ကာပူအမျိုးသမီးအသင်းနှင့် တတိယနေရာလုပွဲကို ဆက်လက်ကစားရမည်ဖြစ်သည်။

အုပ်စုပတ်လည်စုစုပေါင်း ၁၅ မှတ် ရရှိထားသော မလေးရှားအသင်းနှင့် ၁၀ မှတ်ရရှိထားသည့် ထိုင်းအသင်းတို့သည် ပထမနှင့် ဒုတိယအတွက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး စုစုပေါင်း သုံးမှတ်ရရှိထားသော အင်ဒိုနီးရှားအသင်းသည် အုပ်စုပတ်လည်ပွဲစဉ်တွင် အမှတ်ရရှိခြင်းမရှိခဲ့သည့် ကမ္ဘောဒီးယားအသင်းနှင့် ပဉ္စမနေရာရရှိရန် ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အမျိုးသားအုပ်စုပတ်လည်ပွဲစဉ်များတွင် စုစုပေါင်းရမှတ် ၁၂ မှတ်ဖြင့် အမှတ်အများဆုံးရရှိထားသည့် မလေးရှားအသင်းသည် ကိုးမှတ်ဖြင့် ဒုတိယနေရာ လိုက်နေသည့် စင်ကာပူအသင်းနှင့် ပထမနေရာအတွက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ထိုင်းအသင်းသည် စုစုပေါင်းရမှတ် ခြောက်မှတ်ရရှိကာ စုစုပေါင်း သုံးမှတ်ရရှိထားသော မြန်မာအသင်းနှင့် တတိယနေရာအတွက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အမျိုးသားအုပ်စုပတ်လည် ပွဲစဉ်များတွင် အမှတ်ရရှိခြင်းမရှိခဲ့သော ဗီယက်နမ်အသင်းသည် ပဉ္စမနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

အမျိုးသမီးဟော်ကီဗိုလ်လုပွဲစဉ်များကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲမှ စတင်ပြီး ပဉ္စမနေရာအတွက် အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယား၊ တတိယနေရာအတွက် စင်ကာပူနှင့် မြန်မာ၊ ပထမနေရာအတွက် မလေးရှားနှင့် ထိုင်းတို့ အသီးသီး ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အမျိုးသားဟော်ကီ ဗိုလ်လုပွဲစဉ်များကို ဒီဇင်ဘာ ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပီတန်းအားကစားပြိုင်ပွဲ၌ တတိယမြောက်ရွှေတံဆိပ် မြန်မာရရှိ

နေပြည်တော် ဒီဇင်ဘာ ၁၉

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး မြန်မာနိုင်ငံတွင် လက်ခံကျင်းပလျက်ရှိရာ ပြိုင်ပွဲတစ်ရပ်အနေဖြင့် ထည့်သွင်းကျင်းပသည့် ပီတန်းအားကစားနည်းကို နေပြည်တော် ဝဏ္ဏသိဒ္ဓိပီတန်းအားကစားပြိုင်ကွင်းကြီး၌ ပွဲစဉ်များ ယနေ့ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပီတန်း Mixed Double (အမျိုးသားအမျိုးသမီးနှစ်ယောက်တွဲ) ပွဲစဉ်၌ မြန်မာနှင့် လာအိုအသင်းတို့ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်၌ ပီတန်းအားကစားနည်းတွင် မြန်မာမှ တတိယမြောက် ရွှေတံဆိပ်ဆုကို ရယူပေးခဲ့သည်။ **(ဝဲပုံ)**

ယင်းဆုပေးပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ပီတန်းအားကစားပြိုင်ကွင်း၌ ရွှေတံဆိပ်ဆုရရှိသော မြန်မာအသင်းအား ရွှေတံဆိပ်ဆုကို ပြင်သစ်နိုင်ငံမှ ဒိုင်ချုပ်နှင့် လက်ဆောင်ပစ္စည်းများကို မြန်မာနိုင်ငံ ပီတန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအေးထွန်းတို့က ပေးအပ်ခဲ့သည်။

သတင်းနှင့်ဓာတ်ပုံ သန်းနိုင်(ဇမ္ဗူသီရိ)

T4 Shuttle Bus များ တားလျှင် ရပ်မပေးဟူသော စကားသံများနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၉

ဒီဇင်ဘာ ၁၈ ရက် ညနေ ၆ နာရီခန့်က မွေထိုင်းလက်ဝှေ့အားကစားရုံဘက်မှ ထွက်လာသော ပရိသတ် ၃၀ ကျော်ခန့်နှင့် အခြားသော အားကစားရုံများဘက်မှ ထွက်ခွာလာသော လူဦးရေ ၁၅ ဦးခန့်မှာ ဂိတ်(၅)သို့ လမ်းလျှောက်ပြန်ရန် ဝေးသဖြင့် T4 Shuttle Bus များ **(ဝဲပုံ)** စီးနင်းလိုက်ပါရန် စောင့်ဆိုင်းနေစဉ် T4 Shuttle Bus များ ဖြတ်သန်းသွားသည်ကို တွေ့မြင်ရ၍ တားကြသော်လည်း သုံးလေးစီးခန့် ရပ်မပေးဘဲ ဆက်လက်မောင်းနှင်သွားကြသဖြင့် ရပ်စောင့်တားဆီးသူများက "T4 Shuttle Bus ဆိုတာဘာလဲ၊ မရပ်ဘဲ ဟန်ပြမောင်းနေကြတာလား"ဟူ၍ မကျေမနပ်ပြောဆိုနေကြသံများကို ကြားသိခဲ့ရသည်။ ထိုလူအုပ်မှာ နာရီဝက်ခန့်ကြာပြီးနောက် ရောက်လာသော T4 Shuttle Bus တစ်စီးပေါ်သို့ ကျပ်ညပ်စွာ လိုက်ပါခဲ့ကြရ သည်။ ယင်းသို့သော ဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းသိရှိနိုင်ရန် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း ပြေးဆွဲပေးနေသော T4 Shuttle Bus ယာဉ်များ၏ ယာဉ်မောင်းကြီးကြပ်ရေးမှူး ဦးလှစိုးထံ မေးမြန်းဖြစ်ခဲ့သည်။

"ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှာ ပရိသတ်တွေအတွက် Free Shuttle Bus တွေကို အသုံးများပါတယ်။ တခြား မီနီဘတ်စ်တွေ၊ Express တွေနဲ့ဆို ၁၀ စီးကျော်လောက် ရှိပါတယ်။ စနေ၊ တနင်္ဂနွေနေ့မျိုးတွေလို လူများရင် အပြင်က တခြား T4 Shuttle Bus တွေကိုပါ အကူအညီတောင်းပြေးဆွဲနေပါတယ်။ ကြို/ပို့ကိစ္စနဲ့ပတ်သက်ပြီး အားကစားပရိသတ်တချို့ နားလည်မှုလွဲတာကတော့ ဒီလိုရှိပါတယ်။ T4 Shuttle Bus ဆိုတဲ့ကားအမျိုးအစားတွေက များပါတယ်။ နည်းပြ ဒိုင်နဲ့ အားကစားသမားတွေစီးတဲ့ကားကို သွားတားရင်တော့ ဒီကားတွေက သီးခြားတာဝန်နဲ့ ပြေးဆွဲတာဖြစ်လို့ ရပ်မပေးတာပါ။ အဲဒီနေ့ကလည်း အားကစားပရိသတ်တချို့က သီးခြားတာဝန်ယူထားတဲ့ ကားတွေကို တားမိလို့ ဖြစ်ပါလိမ့်မယ်။ နောက်ပြီး ကားစီးရေကျဲတဲ့အချိန်မို့ ကားတစ်စီးတည်း ကျပ်ညပ်ပါသွားတာဖြစ်ပါတယ်။ ကျွန်တော်တို့ Shuttle ဘတ်စ်တွေကတော့ ကစားပွဲမစမီ တစ်နာရီလောက်ကတည်းက အသင့်အနေအထားနဲ့ရှိပြီး ခေါက်တုံ့ခေါက်ပြန် ပြေးဆွဲပေးနေပါတယ်" ဟု ပြောကြားသည်။

"ဥပမာ ရေကူးလိုအားကစားပွဲမျိုး ည ၆ နာရီ၊ ၈ နာရီပွဲတွေ ရှိပါတယ်၊ အဲဒီပွဲတွေအတွက် ကား လေး၊ ငါးစီး အသင့်ပြင်ထားပြီး မီနီဘတ်စ်တွေနဲ့ ပရိသတ်တွေကိုပါ သွားလာရေးလွယ်ကူအောင် သယ်ပို့ပေးပါတယ်။ ပြိုင်ပွဲပြီးရင်တောင် ကွင်းပတ်လည် ကျန်၊ မကျန်ကြည့်ပြီး တစ်ယောက်တည်းကျန်ရင်တောင် လိုက်ပို့ပေးပါတယ်။ ကျွန်တော့်အနေနဲ့ ပရိသတ်တွေကို စီးနိုင်အောင် T4 Shuttle Bus မှန်သမျှ တားနိုင်ပါတယ်။ တစ်စီးမဟုတ် တစ်စီး အဆင်ပြေအောင် ပို့ဆောင်ပေးသွားမှာပါ" ဟု ဆက်လက်ရှင်းပြသည်။

သတင်း – အောင်ကျော်ဦး၊ ဓာတ်ပုံ – ဟိန်းထက်လင်း

စားပွဲတင်တင်းနစ် ဗိုလ်လုပွဲ စင်ကာပူအသင်း ဗိုလ်စွဲ

နေပြည်တော် ဒီဇင်ဘာ ၁၉

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အမျိုးသား အမျိုးသမီး စားပွဲတင်တင်းနစ် အသင်းလိုက် ဆီမီးဖိုင်နယ်ပွဲစဉ်များနှင့် ဗိုလ်လုပွဲစဉ်များကို ယနေ့ နံနက်နှင့် ညနေပိုင်းတို့တွင် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ(C)၌ ကျင်းပသည်။

ယနေ့ကျင်းပသော စားပွဲတင်တင်းနစ် အမျိုးသားအသင်းလိုက် ဆီမီးဖိုင်နယ်ပြိုင်ပွဲများတွင် စင်ကာပူအသင်းက ဗီယက်နမ်အသင်းအား သုံးပွဲပြတ်ဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ထို့အတူ ထိုင်းအသင်းကလည်း မလေးရှားအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

သတင်း - အောင်ကျော်ဦး ❖ ဓာတ်ပုံ - ရာမည

ဆက်လက်၍ အမျိုးသမီးအသင်းလိုက် စားပွဲတင်တင်းနစ် ဆီမီးဖိုင်နယ်ပြိုင်ပွဲများကို ကျင်းပရာ စင်ကာပူအသင်းက ဗီယက်နမ်အသင်းအား သုံးပွဲပြတ်ဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီး ထိုင်းအသင်းက မလေးရှားအသင်းအား သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

အမျိုးသားအသင်းလိုက် ဗိုလ်လုပွဲကို မွန်းလွဲ ၂ နာရီတွင် ဆက်လက်ယှဉ်ပြိုင်ရာ စင်ကာပူအသင်းက ထိုင်းအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ယူဗိုလ်စွဲခဲ့ပြီး **(ဝဲပုံ)** အမျိုးသမီးအသင်းလိုက် ဗိုလ်လုပွဲတွင် စင်ကာပူအသင်းက ထိုင်းအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ယူဗိုလ်စွဲခဲ့သည်။

စားပွဲတင်တင်းနစ် အသင်းလိုက်ပြိုင်ပွဲများတွင် စင်ကာပူက ပထမ၊ ထိုင်းက ဒုတိယနှင့် မလေးရှားက တတိယရရှိကြပြီး ဆုပေးပွဲကို ဒီဇင်ဘာ ၂၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနှင့် ထိုင်း ဗိုလ်လုပွဲတက်

နေပြည်တော် ဒီဇင်ဘာ ၁၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ(ပထမ)ပွဲစဉ် တစ်ပွဲအဖြစ် မလေးရှားအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ဒီဇင်ဘာ ၁၉ ရက်ညနေ ၄ နာရီတွင် ဇေယျာသီရိအားကစားကွင်း(နေပြည်တော်)တွင် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

နှစ်သင်းစလုံးမှာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားလျက်ရှိပြီး အင်ဒိုနီးရှားအသင်းမှာ ပထမပိုင်းတွင် မလေးရှားအသင်း၏ ဂိုးပေါက်ကို အကြိမ်ကြိမ်ခြိမ်းခြောက်နိုင်ခဲ့ပြီး ပွဲကစားချိန် ၃၁ မိနစ်တွင် အင်ဒိုနီးရှားအသင်းအဖွင့်ဂိုး စတင်ရရှိခဲ့သည်။ ပထမပိုင်းပွဲပြီးဆုံးအချိန်ထိ မလေးရှားအသင်းမှာ ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် အင်ဒိုနီးရှားအသင်းမှာ မလေးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ပထမပိုင်းတွင် ဆက်လက်ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းပွဲတွင် မလေးရှားအသင်းမှာ တိုက်စစ်ပိုင်းကို ဦးစားပေးကစားစေခဲ့ပြီး အင်ဒိုနီးရှား အသင်းဘက်ကို ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၈၅ မိနစ်တွင် ရရှိခဲ့သော ထောင့်ကန်ဘောမှတစ်ဆင့် ကျောနံပါတ်(၉) အဘူမာရီ အပိုင်ပိုင်သွင်းနိုင်ယူခဲ့သဖြင့် မလေးရှားအသင်း ချေပဂိုးရရှိသွားခဲ့သည်။ ချေပဂိုးပေးလိုက်ရသည့်အတွက် ပြိုင်ပွဲမှာ တစ်ဖက်နှင့်တစ်ဖက် ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာခဲ့ပြီး ပွဲကစားချိန် မိနစ် ၉၀ ပြည့်သည်အထိ ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိဘဲ တစ်ဖက်ကို တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးသွားခဲ့သည်။

ဆက်လက်ပြီး ပွဲကစားချိန် မိနစ် ၃၀ ထပ်မံယှဉ်ပြိုင်ကစားခဲ့ရာ နှစ်သင်းစလုံးမှာ ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိဘဲ ပင်နယ်တီအဆုံးအဖြတ်ဖြင့် ကန်သွင်းခဲ့ရာ အင်ဒိုနီးရှားအသင်းမှာ မလေးရှားအသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲအဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။

ဒုတိယပွဲစဉ်တစ်ပွဲဖြစ်သည့် ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ထိုင်းအသင်းမှ စင်ကာပူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲကို တက်ရောက်သွားနိုင်ခဲ့သည်။

ဗိုလ်လုပွဲတွင် အင်ဒိုနီးရှားအသင်းနှင့်ထိုင်းအသင်းတို့ တွေ့ဆုံမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၁ ရက် ည ၇နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဇင်ဘို)

မြန်မာမိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းအား ပြည်သူသို့ စတင်မိတ်ဆက်

နေပြည်တော် ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံအတွင်း ဘဏ်များမရှိသည့်ဝေးလံ၍ လမ်းပန်းဆက်သွယ်မှုခက်ခဲသောဒေသရှိ ပြည်သူများအနေဖြင့် မိုဘိုင်းဖုန်းအသုံးပြု၍ ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအား လုံခြုံစိတ်ချ၊ ရိုးရှင်းလွယ်ကူ၊ လျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရန်၊ မိုဘိုင်းကွန်ရက်ဖြင့် ပြည်သူလူထုအတွင်း မိုဘိုင်းဘဏ်နှင့် အသေးစားဝန်ဆောင်မှုလုပ်ငန်းများအား ဘဏ်လုပ်ငန်းနည်းစနစ်များနှင့်အညီ တစ်နိုင်ငံလုံးကျယ်ကျယ်ပြန့်ပြန့်အကျိုးရှိထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတကာငွေကြေးလွှဲပြောင်းမှုဝန်ဆောင်ခြင်းလုပ်ငန်းများအား စိတ်ချလွယ်ကူလျင်မြန်စွာဖြင့် အနာဂတ်တွင် ပြည်သူများသုံးစွဲနိုင်ရန်ဆိုသည့် ရည်ရွယ်ချက် သုံးရပ်နှင့်အညီ ဆောင်ရွက်မည့် မြန်မာမိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းအား ပြည်သူသို့စတင်မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် တပ်မတော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုယ်စား မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ မိုဘိုင်းငွေကြေးစနစ်တည်ဆောက်ရေးတွင် ပါဝင်ကူညီခဲ့သော ပြင်သစ်နိုင်ငံ Oberthur Technologies နှင့်အမေရိကန်နိုင်ငံ More Magic Co., Ltd. တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ဦးဆောင်ညွှန်ကြားရေးမှူးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက်အခမ်းအနားတွင် ငွေလွှဲပို့ခြင်းနှင့် တယ်လီဖုန်းငွေဖြည့်ခြင်းလုပ်ငန်းစဉ်များကို Live Show ပြသခဲ့ပြီး မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌက တက်ရောက်လာသော ဧည့်သည်တော်များအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ကာ ပြခန်းတွင်ပြသထားသော ဝန်ဆောင်မှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုကြသည်။

မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင် ဧည့်သည်တော်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်နေစဉ်။ (မြဝတီ)

ယနေ့စတင်မိတ်ဆက်သော မြန်မာမိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်းပြခန်းကို တပ်မတော်ခန်းမတွင် နိုင်ငံတကာအဆင့်မီ TRI Star Tyre နှင့် အရည်အသွေးပြည့်ဝသော အဆင့်မြင့်ပြည်တွင်းထုတ်ကုန်များ၊ ကုန်စည်ပြပွဲနှင့်အတူ ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

အင်ကြင်းမြိုင်ယက္ကန်းစင်တောင် နှစ်ကျိပ်ရှစ်ဆူ အောင်တော်မူစေတီတော် ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်အောင်ပွဲအကြို ဒုလ္လဘရဟန်းခံ အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၉

အင်ကြင်းမြိုင် ယက္ကန်းစင်တောင်ရှိ နှစ်ကျိပ်ရှစ်ဆူ အောင်တော်မူစေတီတော်မြတ်ကြီး ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်အောင်ပွဲအကြိုဒုလ္လဘရဟန်းခံ အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် အင်ကြင်းမြိုင်ယက္ကန်းစင်တောင်တော်၌ကျင်းပသည်။

အလှူတော် မင်္ဂလာပွဲတွင် ပြည်ထောင်စုဝန်ကြီးဦးဆန်းဆင့်က ဒုလ္လဘရဟန်းခံမည့် ရဟန်းလောင်း ၁၈ ပါးအား ကိတ္တိမသားအဖြစ်ခံယူ၍ ဥပသမ္ပဒကံဆောင်ရဟန်းဘောင်သို့ သွတ်သွင်းကြသည်။

ထို့နောက် ရဟန်းလောင်းများအား ကေသစ္ဆေဒန မင်္ဂလာကျင်းပကာ ပရိက္ခရာများအပ်နှင်း၍ ပဗ္ဗဇ္ဇမင်္ဂလာဆောင်ရွက်ခြင်း၊ ဓမ္မပါလကျောင်း ခဏ္ဍသိမ်တော်တွင် ဥပသမ္ပဒကံဆောင်ခြင်းများပြုလုပ်၍ ကာရကသံဃာ ၁၅ ပါးနှင့် ရဟန်းသစ် ၁၈ ပါးတို့အား သိမ်ဆင်းလောင်းလှူခြင်းများပြုလုပ်ပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ဖြူမယ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဥတ္တရထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❀ကျောဖုံးမှ

ဖလားသုံးလုံးရယူနိုင်ခဲ့သည့် ဂျာမန်ကလပ်အသင်းတစ်သင်းအဖြစ် သမိုင်းမှတ်တိုင်သစ်တစ်ရပ်စိုက်ထူနိုင်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် နည်းပြဂွါဒီယိုလာသည် ယင်းကဲ့သို့ စွမ်းဆောင်နိုင်လိမ့်မည်မဟုတ်ကြောင်းလည်းဆိုသည်။

လက်ရှိတွင် ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်လီဂါအမှတ်ပေးဇယားတွင် ထိပ်ဆုံးမှခုနစ်မှတ်ဖြတ်ကာ ဦးဆောင်နေပြီး ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ကိုလည်း တက်လှမ်းနိုင်ခဲ့သည့်အသင်းတစ်သင်းလည်းဖြစ်သည်။ **(ငွေကြယ်)**

▼ ရှေ့ဖုံးမှ

မလေးရှားမှ OOI Tze Liang က ရမှတ် ၄၃၁ ဒသမ ၉၀ မှတ်ဖြင့် ပထမရွှေတံဆိပ်ဆု၊ စင်ကာပူမှ LEE Mark Han Mi က ရမှတ် ၃၂၄ ဒသမ ၁၅ မှတ်ဖြင့် ဒုတိယငွေတံဆပ်ဆု၊ မလေးရှားမှ CHEW YI WEI ကရမှတ် ၃၁၄ ဒသမ ၂၀ ဖြင့် တတိယကြေးတံဆိပ်တို့ကို အသီးသီးရရှိကြသည်။

အမျိုးသမီး ၁၀ မီတာစင်မြင့်ဒိုင်ဗင်ပြိုင်ပွဲတွင် မလေးရှားမှ PAMG Pandeleau က ရမှတ် ၃၄၆ ဒသမ ၆၀ မှတ်ဖြင့် ပထမရွှေတံဆိပ်ဆု၊ မလေးရှားမှ LOH Zhiayi ကရမှတ် ၂၉၂ ဒသမ ၁ မှတ်ဖြင့် ဒုတိယငွေတံဆိပ်ဆု၊ မြန်မာမှစောလှနန္ဒာက ၂၃၃ ဒသမ ၁၅ မှတ်ဖြင့် တတိယကြေးတံဆိပ်ဆုတို့ အသီးသီးရရှိသွားကြကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများအရောက် ကွင်းဆင်းဖြည့်ဆည်းပေး

ရွှေဘို ဒီဇင်ဘာ ၁၉

ရွှေဘိုခရိုင် ကန့်ဘလူ၊ ကျွန်းလှ၊ ဒီပဲယင်းနှင့် ရွှေဘိုမြို့နယ်များတွင် ဒီဇင်ဘာ ၁၅ ရက်က လေတိုက်၍ မိုးသီးကြွေကျမှုကြောင့် မိုးစပါးစိုက်ခင်းများပျက်စီးခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး ဦးဆောင်သော အဖွဲ့သည် အဆိုပါ ဒေသများသို့ သွားရောက်ကွင်းဆင်းကာ တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လေတိုက်၍ မိုးသီးကြွေခြင်းကြောင့် ကန့်ဘလူမြို့နယ်အတွင်း ထိခိုက်ပျက်စီးမှု အများဆုံးဖြစ်ရာ ၇၆၃၉ ဧက ထိခိုက်သည့် အနက် ၆၅၉၁ ဧကမှာ ပျက်စီးခဲ့ကြောင်း၊ ရွှေဘိုမြို့နယ်တွင် ၃၀၈ ဧက၊ ကျွန်းလှမြို့နယ်တွင် ဧက ၃၀၀ နှင့် ဒီပဲယင်းမြို့နယ်တွင် ဧက ၉၀၀ ခန့် ထိခိုက်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဌာနမှ သိရသည်။

အဆိုပါ ဒေသတွင် လေမတိုက်မိုးသီးမကြွေမီကာလများက စပါးဆစ်ပိုးအန္တရာယ်ကို အချို့ဒေသများတွင် ခံခဲ့ကြရကြောင်း၊စပါးတစ်နှံ ၁၀ ခက်ရှိသည်ဆိုလျှင် ခြောက်ခက်ခန့်မှာ ဆစ်ပိုးဒဏ်ခံရသောကြောင့် စပါးအထွက်လျော့နည်းမှုများနှင့် ကြုံတွေ့ခဲ့ရကြောင်း၊ ရာသီဥတုဖောက်ပြန်၍ ပျက်စီးမှုမှာ ဆစ်ပိုးကျခြင်းထက်ဆိုးကြောင်း ဒေသခံတို့ထံမှ သိရသည်။

စပါးအဝါရောင် ဆစ်ပိုး (Rice Stemborer) ကျရောက်ချိန်မှာ ပျိုးခင်းမှ ရိတ်သိမ်းချိန်အထိ ကျရောက်တတ်ပြီး ပင်ပွားစည်းချိန်တွင် dead heart အူပုပ်လက္ခဏာ (စပါးပင်အလယ်ရှိ ခေါင်ညွှန့်များ ဝါခြောက်ခြင်း) နှင့် Whitehead အနှံဖြူလက္ခဏာ (စပါးအနှံထွက်ချိန်တွင် အဆန်မပါသော အနှံဖြူများ တွေ့ရခြင်း) စသည်တို့ကို ဖျက်ဆီးပုံလက္ခဏာအဖြစ် တွေ့ရမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

ဆေးတက္ကသိုလ်(မန္တလေး) စာသင်ဆောင်သစ်ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၁၉

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ဆေးတက္ကသိုလ်(မန္တလေး) ဇီဝကစာသင်ဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အဆိုပါ စာသင်ဆောင်သစ် မျက်နှာစာ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် မြို့တော်ဝန် ဦးအောင်မောင်း၊ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်၊ ဆေးတက္ကသိုလ်(မန္တလေး)ခေတ္တပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင်မောင်ဟန်တို့က စာသင်ဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် စာသင်ဆောင်သစ်ကို ကြည့်ရှုစစ်ဆေးကြသည်။**(ဝဲပုံ)**

ထို့နောက် အောင်ပင်လယ်ခန်းမ၌ ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးပညာအရည်အသွေးမြင့်မားစေရန် အဘက်ဘက်မှ ဆောင်ရွက်လျက်ရှိရာတွင် ဆေးပညာဆိုင်ရာ လူသားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသော ဆေးတက္ကသိုလ်များ၊ ဆေးပညာဆိုင်ရာ နီးနွယ်တက္ကသိုလ်များကိုလည်း အရည်အသွေး မြင့်မားတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း။

သင်ကြားရေးအပိုင်းတွင် ခေတ်မီ သင်ကြားနည်းစနစ်များဖြင့် သင်ကြားနိုင်ရေးအတွက် သင်ကြားရေး အထောက်အကူပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ စာသင်ခန်းများ ပြုပြင်မွမ်းမံတိုးချဲ့ဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုဖွင့်လှစ်သော စာသင်ဆောင်သစ်ကြီးတွင် ပထမနှစ် ကျောင်းသားကျောင်းသူများ သက်သောင့်သက်သာ ပညာသင်ကြားနိုင်မည်ဖြစ်ပြီး ဆေးပညာသင်ကြားရေး၊ မြန်မာ့ဆေးလောက အရည်အသွေးအဆင့်အတန်း မြင့်မားရေးအတွက် တစ်ထောင့်တစ်နေရာမှ အကျိုးပြုနိုင်သည့် ကျောင်းဆောင်သစ်ကြီး ဖြစ်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဇီဝကစာသင်ဆောင်သစ်ကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ပြီးစီးခဲ့သည်။ အလျား ၁၁၅ ပေ၊ အနံ ၆၂ ပေ၊ အမြင့် ၂၉ ပေရှိပြီး ကျောင်းသားကျောင်းသူ ၄၂၀ ဆံ့ စာသင်ဆောင်ဖြစ်ကာ နိုင်ငံတော်မှ ကျပ်သိန်းပေါင်း ၄၈၀၀ အကုန်ကျခံ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး သည် အထွေထွေရောဂါကုဆေးရုံကြီး (မန္တလေး) နှလုံးရောဂါဆေးကုသဆောင်၌ ဆေးကုသမှုခံယူနေသော ရွှေကျင်သာသနာပိုင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂိယ၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားပြီး နှလုံးရောဂါအထူးကုဌာန ပြုပြင်မွမ်းမံနေမှု၊ ဆောက်လုပ်ဆဲ ၁၀ ထပ် အထွေထွေရောဂါဆေးကုသဆောင်၊ ဓာတ်ရောင်ခြည်ဖြင့် ရောဂါကုသစက်(Linear Accelelator)ဖြင့် ကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ CT SLMULATOR စက် တပ်ဆင်ပြီးစီးမှုနှင့် ဓာတ်မှန်ဌာနတွင် CT Scan အသုံးပြုနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကွန်ပျူတာ၊ အင်တာနက် နည်းပညာအခမဲ့ သင်တန်းဖွင့်

ရွှေဘို ဒီဇင်ဘာ ၁၉

ရွှေဘိုမြို့နယ် ဆိပ်ခွန်ကျေးရွာ A.B.C ကွန်ပျူတာ သင်တန်းခန်းမတွင် ဒီဇင်ဘာ ၁၀ ရက်မွန်းလွဲ ၁ နာရီက ကျေးလက်လူငယ် ၂၀ အား ကွန်ပျူတာ၊ အင်တာနက် နည်းပညာ အခမဲ့ သင်တန်းဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးမှု ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်က အမှာစကား ပြောကြားပြီး သင်တန်းမှူးဆရာ ဦးစိုးဝင်းမောင်က နည်းပညာပိုင်းဆိုင်ရာ ဘာသာရပ်များကို မိတ်ဆက်အဖွင့်စကားပြောကြားသည်။ အဆိုပါ သင်တန်းများကို ရွှေဘိုခရိုင်အတွင်း ကျေးရွာများ၌ ကနဦးအနေဖြင့် သင်တန်းသား ၃၀၀ ထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(၅၉၂)

၂၀၁၃ ခုနှစ် ဂျပန်-အာရှ နိုင်ငံတကာကလေးရုပ်ရှင်ပွဲတော်မှ ဆုရရှိ

ရန်ကုန် ဒီဇင်ဘာ ၁၉

ဂျပန်-အာရှ နိုင်ငံတကာကလေးရုပ်ရှင်ပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၂ ရက်အထိ ဂျပန် နိုင်ငံတွင် ကျင်းပခဲ့သည်။ အဆိုပါ ရုပ်ရှင်ပွဲတော်တွင် မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော ဝေယံကျော်၊ သီရိ မေ၊ ဆောင်းရနံ့၊ ဝတ်ရည်နှင်းဖြိုး၊ ဟိန်းရှိုင်း၊ ဖူးပြည့်စည်သူနှင့် အုပ်ချုပ်သူမင်းသားကြီး ဦးခင်မောင်ချင်းတို့သည် ယင်းပွဲတော်မှချီးမြှင့်ခဲ့သော အသင်းလိုက်အတက်ကြွဆုံးဆုကို လက်ခံရယူခဲ့ကြပြီး ဂျပန်နိုင်ငံတွင်လည်းပတ်ကာ ယခုအခါ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြပြီဖြစ်ကြောင်း သိရသည်။ **(အိုးဝေခင်မောင်ကွန့်)**

မီးမလောင်ခင်သတိယှဉ် ကြိုတင်ကာကွယ်ပါ

မရမ်းကုန်းမြို့နယ်၌ လျှပ်စစ်မီးပူ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဒီဇင်ဘာ ၁၉

မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက်၌ ညဦးသန်းခေါင်ကျော်အချိန်တွင် လျှပ်စစ်မီးပူ အပူလွန်ကဲရာမှ မီးလောင်မှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၉ ရက် နံနက် ၂ နာရီ မိနစ် ၂၀ က မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက် သူရလမ်းရှိ နေအိမ်အောက်ထပ် သုံးခန်းတွဲ ယာအစွန်ခန်းတွင် ငှားရမ်းနေထိုင်သူ မျိုးမြင့်အောင် (၃၁)နှစ်၏ နေအိမ်ခန်းအတွင်းရှိ လျှပ်စစ်မီးပူပလပ်ပေါက်ထိုးထားရာ အပူလွန်ကဲပြီး အနီးရှိ အကြော်ကြော်ရာတွင် အသုံးပြုသည့် ဖွဲ့အိတ်အား မီးစွဲလောင်ရာမှ မီးစတင်လောင်ကျွမ်းခြင်း ဖြစ်သည်။

မီးလောင်ရာသို့ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် အစီး ၅၀၊ အထောက်အကူပြုယာဉ် လေးစီး၊ အုပ်ချုပ်မှုယာဉ် သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၃ နာရီ ၁၀ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ၃ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားသည်။

အဆိုပါမီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း သွပ်မိုးပျဉ်ထောင်ပါ လူနေအိမ် ၁၅ လုံး မီးလောင်ဆုံးရှုံးခဲ့ကာ အိမ်ထောင်စု ၅၄ စု လူဦးရေ ၂၄၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့သဖြင့် အဆိုပါ ရပ်ကွက်အတွင်းရှိ မစိုးရိမ်ကျောင်းတိုက်၌ သက်ဆိုင်ရာတာဝန်ရှိသူများက မီးဘေးယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ပေးထားရာ အလှူရှင်များ လာရောက်လှူဒါန်းလျက်ရှိပြီး ဆက်လက်၍ အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

"ညသန်းခေါင်ကျော်မှာ မီးလောင်တာဆိုတော့ ကြောက်ပြီး ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဘူး။ မီးညွန့်က ရဲပြီး အပေါ်ကိုတက်နေတာတွေ့တော့ ပိုပြီးကြောက်သွားလို့ ကိုယ်လွတ်ရုန်းပြီး ပြေးခဲ့ရတယ်။ မီးလောင်မှုဖြစ်တဲ့နေရာက မိသားစုအကြော်လုပ်ငန်း အများစုလုပ်ကိုင်တဲ့ နေရာဖြစ်လို့ မီးဘေးအတွက် စိုးရိမ်နေရတာ အမှန်ပဲ"ဟု မီးဘေးသင့် ပြည်သူတစ်ဦးက ပြောသည်။ ယင်းဖြစ်စဉ်သည် မရမ်းကုန်းမြို့နယ်အတွင်း၌ ယခုလအတွင်း ဒုတိယမြောက် အကြီးမားဆုံး မီးလောင်မှုဖြစ်သည်။

အဆိုပါမီးလောင်မှုကြောင့် မီးပေါ့ဆစွာ အသုံးပြုသူ မျိုးမြင့်အောင်အား မရမ်းကုန်းမြို့မရဲစခန်းက (ပ)၅၁၉/၂၀၁၃၊ ပုဒ်မ ၂၈၅ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဇော်ကြီး- ပဏ္ဍိတ)

ကလေးမြို့၌ ကျပ်သိန်း ၁၉၀၀ ကျော်ဖိုး ဆူဒိုအက်ဖီဒရင်းဆေးပြားများ သိမ်းဆည်းရမိ

ကလေး ဒီဇင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ဒီဇင်ဘာ ၁၈ ရက် ည ၁၁ နာရီခွဲက တပ်ဦးသီတာရပ်ကွက် နယ်မြေ (၁) စန္ဒာလမ်းတွင် မူးယစ်ဆေးဝါးသတင်းအရ ကလေးမြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်မြင့်စိုး၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လှဟန်နှင့်အဖွဲ့၊ မူးယစ်တပ်ဖွဲ့စု (၅)ကလေးအဖွဲ့တို့သည်ယာဉ်အမှတ် ၇ဂ/--- အဖြူရောင် (ဟာဒီယာ) ယာဉ်အား ရှာဖွေစစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ကားပေါ်ပါလာသူ ခင်ထွန်းမှာ ထွက်ပြေးသွားပြီး ယာဉ်ပေါ်တွင် ယာဉ်မောင်းမနိုတင်ပါးနှင့် ဒေါ်တင်တို့အား တွေ့ရှိ၍ ရှာဖွေရာ ကား၏နောက်ခန်းအတွင်းမှ ကာလတန်ဖိုးငွေကျပ် သိန်း ၁၉၂၀ တန်ဖိုးရှိ ဆူဒိုအက်ဖီဒရင်းဆေးပြား ၁၉၂၀၀၀၀ (၁၉၂ ကီလို) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ သိမ်းဆည်းရမိပစ္စည်းများသည် အိန္ဒိယနိုင်ငံ အိုက်ဇော-ချင်းပြည်နယ်(ရိဒ်)-တီးတိန်ကားလမ်းအတိုင်း ကလေးမြို့သို့ ဆိုင်ကယ်များဖြင့် သယ်ဆောင်လာခြင်းဖြစ်ကြောင်း ပဏာမစစ်ဆေးမှုများအရ သိရသည်။

(လင်းလက်ကြယ်စင်)

တရားမဝင် တင်ဆောင်လာသော တမလန်းသစ်များ သိမ်းဆည်းရမိ

သီပေါ ဒီဇင်ဘာ ၁၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် သစ်တောဦးစီးဌာန မြို့မဘိနယ် မန္တလေး-လားရှိုးသွား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အေးရှားဝေါလ်တိုးဂိတ်အနီးတွင် ဒီဇင်ဘာ ၁၇ ရက် ည ၉ နာရီ မိနစ် ၄၀ က မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုးမိုး၊ တောအုပ်ကြီး ဦးနုဝင်းနှင့် သစ်တောဝန်ထမ်း ၁၃ ဦး ပါဝင်သောအဖွဲ့သည် တရားမဝင်သစ်များသယ်ဆောင်လာသည့် ယာဉ်များကို ရှောင်တခင်စစ်ဆေးရာ မန္တလေးဘက်မှ ယာဉ်မောင်းဇော်မင်း မောင်းနှင်သည့် ယာဉ်အမှတ် 8I/.........(Super Custom-အဖြူရောင်) ယာဉ်ပေါ်မှ ပိတောက်တိုင် ၁၂ လုံး၊ ယာဉ်မောင်းစိုင်းလှဦး မောင်းနှင်သည့် ယာဉ်အမှတ် ၈ဈ/. . . . . (Super Custom-အဖြူရောင်)ယာဉ်ပေါ်မှ တမလန်းတိုင် ၃၁ လုံး၊ ယာဉ်မောင်း စိုင်းအိုက်ကျိုင်း မောင်းနှင်သည့် ယာဉ်အမှတ် ၈ည/. . . . (Super Custom - ခဲရောင်)ယာဉ်ပေါ်မှ တမလန်းတိုင် အလုံး ၃၀၊ ယာဉ်မောင်း စိုင်းအိုက်သန်း မောင်းနှင်သည့် ယာဉ်အမှတ် ၈ည/. . . (Super Custom-ခဲရောင်) ယာဉ်ပေါ်မှ တမလန်းတိုင် ၇၅ လုံး၊ ယာဉ်မောင်း စိုင်းအိုက်နွံ မောင်းနှင်သည့် ယာဉ်အမှတ် ၂ခ/. . . . (Hiace-အဖြူရောင်)ယာဉ်ပေါ်မှ တမလန်းတိုင် ၃၅ လုံး၊ တမလန်း(ခါးရွှေ) ၁၇ တုံး၊ ယာဉ်မောင်းစိုင်းအိုက်ခွန်မောင်းနှင်သည့် ယာဉ်အမှတ် ၆ဂ/. . . (Hiace-အဖြူရောင်)ယာဉ်ပေါ်မှ တမလန်းတိုင် အလုံး ၅၀၊ ယာဉ်မောင်း စိုင်းလှဦး မောင်းနှင်သည့် ယာဉ်အမှတ် 7F/......(Alphard-G)ယာဉ်ပေါ်မှ တမလန်းတိုင် ၁၉ လုံး၊ ယာဉ်မောင်းစိုင်းလှိုင်းတင် မောင်းနှင်သည့် ယာဉ်အမှတ် ၇ဂ/. . . . (Pajero)(ဖြူ/ပြာ) ယာဉ်ပေါ်မှ တမလန်းတိုင် ၂၁ လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ကို အကြောင်းကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအုပ်ရန်နိုင်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးကူညီဆောင်ရွက်ကာ ဖမ်းဆီးရမိသူ ရှစ်ဦးအား မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ တရားဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

နှမ်းဈေးကောင်း၍ မြေပဲဆီအသုံးများလာ

မလှိုင် ဒီဇင်ဘာ ၁၉

မလှိုင်မြို့နယ်တွင် နှမ်းဈေးကောင်း၍ မြေပဲဈေးနိမ့်သဖြင့် ဒေသခံပြည်သူများ နှမ်းဆီအစား မြေပဲဆီစားသုံးမှု ပိုမိုများပြားလာကြောင်း သိရသည်။

ဒေသခံ တောင်သူအများစုမှာ မြေပဲဆီအသုံးနည်းသော်လည်း ယခုအချိန်တွင်နှမ်းဈေးကောင်းသဖြင့် နှမ်းရောင်းပြီး မြေပဲဆီဝယ်ယူစားသုံးသူနှင့် မြေပဲဝယ်ပြီး ဆီကြိတ်စားသူ များပြားလာသည်။

"ကျွန်တော်တို့ဒေသက မြေပဲဆီအစားနည်းပြီး ဒေသခံတောင်သူအများစုက ကိုယ့်နှမ်းကိုကြိတ်စားတာ များပါတယ်၊ ဒါပေမယ့် ဒီနှစ်နှမ်းဈေးက တစ်တင်းကို ကျပ် ၄၂၀၀၀၊ ၄၃၀၀၀ ဈေးရောင်းရတော့ မျိုးနှမ်းလောက်သာချန်ကာ နှမ်းရောင်းပြီး မြေပဲဆီဝယ်စားကြပါတယ်။ နှမ်းဆီကတစ်ပိဿာ ကျပ် ၆၀၀၀ ပေးရပြီး မြေပဲဆီက တစ်ပိဿာ ကျပ် ၄၀၀၀ ဈေးဆိုတော့ တစ်ပိဿာကို ကျပ် ၂၀၀၀ လောက် သက်သာတော့ မြေပဲဆီအသုံးများလာပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။ **အောင်ငွေး(မလှိုင်)**





သင့်သွေးဖြင့်အသက်ကယ်ပါ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၉/ဘီ)မြေကွက်အမှတ်(၆၆၃) သမာဓိလမ်း ဧရိယာ(၀.၀၅၆ဧက)ရှိ ပါမစ်မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်ကိုအမည်ပေါက်လျက်လက်ရှိထားပိုင်ဆိုင်ပါသည်ဟုအဆိုပြုဝန်ခံသူ ဦးစိန်ထွန်း-MYG-၀၀၀၇၄၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် ရှိသူများ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောမူရင်းစာရွက်စာတမ်းများနှင့်တကွကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးဝင်းစိုး**(LL.B,DBL,DIL)** ဦးသန့်ဇင်**(LL.B)**
တရားလွှတ်တော်ရှေ့နေ(၇၁၈၂) အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)

"ထက်အောင်သျှိုင်း"(အိမ်၊ခြံ၊မြေနှင့်ခရီးသွားဝန်ဆောင်မှု)
ဖုန်း-၀၉-၅၀၈၀၄၃၂၊ ၂၀၉၃၁၀၊ ၂၀၉၃၁၁၊ ၀၉-၇၃၁၇၀၅၁၆
အမှတ်(၁၃)ဩဘာလမ်း၊ကျောက်မြောင်း၊သီတာမှတ်တိုင်အနီး၊ တာမွေမြို့နယ်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/ပုသိမ်မြေ၊ မြေကွက်အမှတ်(၁၉၈)၊ မြေကွက်တည်နေရာအမှတ်(၁၉၈)၊ ဆိပ်ကမ်းသာလမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးမြင့်လွင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြင့်လွင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ရီရီဝင်း[၉/မခန(နိုင်) ၀၃၅၁၇၅]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပရီမီယာလိဂ်ရင်ခုန်သံ-၁၇

ရှိုင်းမင်းမင်း

ပရီမီယာလိဂ်ပွဲစဉ် (၁၇) ကိုလာမယ့်ဒီဇင်ဘာ ၂၁၊ ၂၂၊ ၂၄ ရက်တွေမှာကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ အာဆင်နယ်- ချယ်လ်ဆီးဆုံတွေ့တဲ့ပွဲပါဝင်နေလို့ အကြိတ်အနယ်ရှိမှာပါ။

လီဗာပူး - ကာဒစ်ဖ် ည ၇း၁၅ (၂၁-၁၂-၁၃)

ကာဒစ်ဖ်ရဲ့ခြေ သာမန်သာရှိပါတယ်။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာ ခြေကျတတ်တယ်။ လီဗာပူးက တိုက်စစ်အားကောင်းသလို အိမ်ကွင်းလည်း ဖြစ်တယ်။ ဒီလိုပွဲမျိုးကို အမှားခံမှာ မဟုတ်ဘူး။ လီဗာပူးပဲ အနိုင်ရသွားမှာပါ။

ဆန်းဒါးလန်း - နော့ဝှစ်ချ် ည ၉း၃၀(၂၁-၁၂-၁၃)

အခုနောက်ပိုင်းမှာ ဆန်းဒါးလန်းရဲ့ ရှန်းအားကောင်းမွန်လာပေမယ့် အသင်းလိုက်စုစည်းမှုအားကောင်းမွန်မှုမရှိသေးပါဘူး။ နော့ဝှစ်ချ်ကလည်း အဝေးကွင်းအားပျော့ပါတယ်။ ဒါကြောင့် ဆန်းဒါးလန်းရဲ့ ရှန်းအားနဲ့အရဲစွန့်ချင်တယ်။

ပဲလေ့စ် - နယူးကာဆယ် ည ၉း၃၀(၂၁-၁၂-၁၃)

အခုနောက်ပိုင်းမှာ ပဲလေ့စ်ရဲ့ ရှန်းအားကောင်းမွန်လာသလို ချာမတ်လည်း ဂိုးသွင်းခြေရလာတယ်။ နယူးကာဆယ်က ခြေစွမ်းပိုင်းကောင်းမွန်တယ် ဆိုပေမယ့် ပဲလေ့စ်ရဲ့ ခံကစားအားကြောင့် သရေကျသွားဖို့များတဲ့ပွဲပါ။

ဝက်စ်ဘရွန်း - ဟားလ် ည ၉း၃၀(၂၁-၁၂-၁၃)

အိမ်ကွင်းမှာ ရလဒ်ကောင်းပြန်ရဖို့အတွက် လေးပွဲဆက်ရှုံးခဲ့တဲ့ ဝက်စ်ဘရွန်းတို့ အားစိုက်လာမှာပါ။ ဟားလ်က နှစ်ပွဲဆက်အရှုံးကင်းခဲ့ပေမယ့် အဝေးကွင်းနဲ့ တိုက်စစ်ပိုင်းအားပျော့နေတယ်။ ဝက်စ်ဘရွန်းရဲ့ ရှန်းအားနဲ့ အရဲစွန့်မယ်။

ဖူလ်ဟမ် - မန်စီးတီး ည ၉း၃၀(၂၁-၁၂-၁၃)

အာဆင်နယ်ကို အနိုင်ယူခဲ့တဲ့ မန်စီးတီးရဲ့ခြေကောင်းမွန်ပါတယ်။ ဒါပေမယ့် အဝေးကွင်းမှာဆိုရင် ကစားအားကျဆင်းတတ်တာသတိပြုရမယ်။ ဖူလ်ဟမ်ကလည်း အမှတ်လိုနေလို့ ခံကစားသွားမှာဖြစ်တယ်။ မန်စီးတီးတို့ ကပ်ပြီးပဲ အနိုင်ရမယ်။

ဆောက်သမ်တန် - စပါး ည ၇း၀၀ (၂၂-၁၂-၁၃)

ဆောက်သမ်တန်ရဲ့ ယခုနောက်ပိုင်းကစားအား ပြန်လည်ကောင်းမွန်လာတယ်။ အိမ်ကွင်းလည်းဖြစ်တယ်။ စပါးက ခုချိန်ထိ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမငြိမ်သေးဘူး။ ဒါကြောင့် စပါးတို့ဒီပွဲမှာ အမြင့်ဆုံးသရေလောက်ပဲရမယ်။

မန်ယူ - ဝက်စ်ဟမ်း ည ၉း၃၀(၂၁-၁၂-၁၃)

ချန်ပီယံလိဂ်မရှိချိန်မှာ မန်ယူတို့ ပရီမီယာလိဂ်ကို ပိုမိုအာရုံစိုက်လာမှာပါ။ ဝက်စ်ဟမ်းက ခြေစွမ်းပိုင်းအရအားနည်းသလို အဝေးကွင်းဆိုရင် စိတ်မချရဘူး။ အမှတ်လိုနေတဲ့ မန်ယူတို့အိမ်ကွင်းမှာ နိုင်ပွဲရသွားမှာပါ။

ဆွမ်ဆီး - အဲဗာတန် ည ၁၀း၃၀ (၂၂-၁၂-၁၃)

အဲဗာတန်ရဲ့ ကစားအားကောင်းမွန်မှုရှိပေမယ့် ဆွမ်ဆီးကလည်း အိမ်ကွင်းမှာ ရလဒ်ကောင်းဖို့ အားစိုက်လာမှာပါ။ အထူးသဖြင့် အဲဗာတန်ရဲ့ ကစားအားဟာ အဝေးကွင်းဆိုရင် အနည်းငယ်မတည်ငြိမ်မှုကြောင့် အဲဗာတန် သရေလောက်ပဲရမယ်။

စတုတ် - ဗီလာ ည ၉း၃၀(၂၁-၁၂-၁၃)

စတုတ်က အိမ်ကွင်းကစားပုံမာကျောပေမယ့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေမငြိမ်သေးပါဘူး။ ဗီလာကလည်း လက်ရှိအချိန်မှာ အဝေးကွင်းအားပျော့ပြီး ခြေစွမ်းပိုင်းသာမန်သာရှိပါတယ်။ ဂိုးအနည်းနဲ့ သရေကျသွားဖို့များတယ်။

အာဆင်နယ် - ချယ်လ်ဆီး နံနက် ၂း၃၀ (၂၄-၁၂-၁၃)

မန်စီးတီးကို ဂိုးပြတ်ရှုံးခဲ့ရမှုကြောင့် အာဆင်နယ်တို့ နိုင်ပွဲပြန်ယူရေး အားစိုက်လာမှာပါ။ ချယ်လ်ဆီးကလည်း အမှတ်ပေးဇယားထိပ်ဆုံးရောက်ဖို့အတွက် အားစိုက်လာမှာပါ။ ခြေမကွာတဲ့အတွက် သရေနဲ့အဆုံးသတ်မယ့် ဒါဘီပွဲဖြစ်လာနိုင်တယ်။

မီးမပါလျှင် မမောင်းနဲ့၊ အသက်ဆုံးရှုံးရတတ်သည်

နေပြည်တော် ဒီဇင်ဘာ ၁၉

နေပြည်တော် ကောင်စီနယ်မြေတွင် ယာဉ်တိုက်မှုများ နေ့စဉ်နှင့်အမျှဖြစ်ပွားလျက်ရှိရာ နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှဦးစီး၍ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည် ယာဉ်မောင်းသူများနှင့် ယာဉ်စီးသူများ ယာဉ်တိုက်မှုမဖြစ်ပွားရေးနှင့် လူသေဆုံးမှုများ မဖြစ်ပွားစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများပြုလုပ်၍ အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဝေ၍ အသိပညာပေးခြင်း၊ လူစည်ကားရာနေရာများတွင် LED ဘုတ်များဖြင့် ပြသ၍ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရသည်။

တာဝန်ရှိသူများအနေဖြင့် မည်သို့ပင် အသိပညာပေးဆောင်ရွက်မှုများပြုလုပ်နေသော်လည်း ယာဉ်မောင်းသူများနှင့် ယာဉ်စီးနင်းသူများအနေဖြင့် ယာဉ်စည်းကမ်းလိုက်နာမှုအားနည်းနေသည်ကို တွေ့မြင်ရသည်။ ယာဉ်တိုက်မှုဖြစ်ပွားရခြင်းမှာ ရာသီဥတုအနေအထားအရလည်းကောင်း၊ လမ်းများကောင်းမွန်မှု မရှိခြင်းကြောင့်လည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိခြင်းကြောင့် လည်းကောင်း ယာဉ်တိုက်မှုများဖြစ်ပွားလျက်ရှိရာ ယာဉ်တိုက်မှု ဖြစ်ပွားသည့် ၉၀ ရာခိုင်နှုန်းမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသောကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ရဲခိုင်က ဟောပြောပွဲတစ်ခုတွင် ထည့်သွင်းပြောကြားခဲ့သည်။

မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် နေ့အခါဖြစ်စေ၊ ညအခါဖြစ်စေ စီးနင်းပါက ရှေ့မီး၊ နောက်မီး၊ နောက်ကြည့်မှန်၊ ဟွန်း၊ ဘရိတ်စသည့် ယာဉ်တစ်စီးတွင် အမြဲရှိရမည့် အင်္ဂါရပ်များ ကောင်းမွန်ရန်လိုအပ်ပေသည်။ ယခုဖြစ်စဉ်တစ်ခုတွင် ဒီဇင်ဘာ ၉ ရက် နံနက် ၄ နာရီကဆိုင်ကယ်မောင်းနှင်သူသည် ရှေ့မီးမပါဘဲ မောင်းနှင်သည့်အတွက် မိမိဆိုင်ကယ်၏ မျက်နှာမူရာတွင် လမ်းဘေးချရပ်ထားသော ဖောကားအား ဝင်ရောက်တိုက်မိကာ အခင်းဖြစ်ပွားနေရာတွင် ဆိုင်ကယ်မောင်းသူသေဆုံးသွားခဲ့သော ဖြစ်ရပ်တစ်ခု နေပြည်တော် ဇေယျာသီရိမြို့နယ် နန်းဩကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းမပေါ်တွင် ဖြစ်ပွားခဲ့သည်။

သို့ပါ၍ ယာဉ်မောင်းသူများ အနေဖြင့် ယာဉ်ကြီးဖြစ်စေ၊ ယာဉ်ငယ်ဖြစ်စေ၊ စက်တပ်ယာဉ်များကို မောင်းနှင်မည်ဆိုပါက ယာဉ်တစ်စီးတွင်ပါရှိရမည့် အင်္ဂါရပ်များ ကောင်းမွန်စေရန်နှင့် လူဘေးကင်းလုံခြုံရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် လိုအပ်ကြောင်း ရေးသားတင်ပြလိုက်ရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဆင်မလိုက်ဈေးရှေ့ရှိ ကြားကားများအား ဖမ်းဆီးအရေးယူ

ရန်ကုန် ဒီဇင်ဘာ ၁၉

ကြည့်မြင်တိုင်မြို့နယ် ဆင်မလိုက်ဈေးရှေ့ လှည်းတန်း-ဘုရင့်နောင်-ဆင်မလိုက် လမ်းဆုံအနီး၌ ဒီဇင်ဘာ ၁၈ ရက် ည ၉ နာရီ ၁၅ မိနစ်ဝန်းကျင်တွင် ညပိုင်းပြေးဆွဲသော ကြားကားများအား အရေးယူနေမှုကို မြင်တွေ့ရကြောင်း၊ သီရိမင်္ဂလာဈေးသစ်မှ ဈေးဟောင်းအကြား ခရီးစဉ်တွင် ညတိုင်းခရီးသည်တစ်ဦးလျှင် ကားခ ကျပ်တစ်ရာနှုန်းဖြင့် လိုက်ထရပ်ယာဉ်ငယ်များ ပြေးဆွဲနေကြောင်း၊ သီရိမင်္ဂလာဈေးဟောင်းတွင် ညစဉ် အနည်းဆုံးကြားကားယာဉ်ငယ် ငါးစီး၊ ခြောက်စီးဝန်းကျင်ရှိပြီး ဈေးသစ်ရှေ့တွင် ဈေးဟောင်းသွားကြားကားငယ်များ၊ သီရိမင်္ဂလာဈေးသစ်မှ လှိုင်သာယာသွား ကြားကားမျိုးစုံဖြင့် သီရိမင်္ဂလာဈေးသစ်ဝင်ပေါက်အနီး ကားလမ်းမနှစ်ဖက်တွင် ယာဉ်ပိတ်ဆို့မှုများ ရှိနေသော်လည်း ဒီဇင်ဘာ ၁၈ ရက် ညပိုင်းက ဈေးသစ်ရှေ့တွင် ကြားကား ယာဉ်ငယ်အချို့သာ မြင်တွေ့ရကြောင်း ယင်းနေရာကို ဖြတ်သန်းသွားသူများက ဆိုသည်။

တရားဝင်ခွင့်ပြုချက်မရရှိသောကြားကားငယ်များ ပြေးဆွဲခြင်းကို အရေးယူခြင်းဖြင့် ဈေးသစ်ရှေ့တွင် ယာဉ်ပိတ်မှုလျော့ကျစေကြောင်း၊ တရားဝင် မီနီဘတ်စ်ယာဉ်ငယ်များ ညပိုင်းတွင် ပြေးဆွဲပေးရန်လိုကြောင်း ခရီးသည်တစ်ဦးက ဆိုသည်။

(မောင်စေအောင်)

အားကစားမြင့်တင်

စိတ်လန်းရွှင်

ဆန့်ကျင်

မူးယစ်ဆေး

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါဦးစီးဌာနနှင့် တက္ကသိုလ်တွင် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

ဆက်စပ်လုပ်ငန်းများ	
(က)	ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာ သုတေသနဦးစီးဌာန ပြင်ပလျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း
(ခ)	နည်းပညာတက္ကသိုလ်(မော်ဘီ) (၁) သုံးထပ်ဆောင်အဝင်လမ်းပြုပြင်ခြင်းလုပ်ငန်း (၂) မြေနီလမ်းပြုပြင်ခြင်းလုပ်ငန်း (၃) သုံးထပ်စာသင်ဆောင်ထောင့်ချိုး ကျောက်ခင်းလမ်း ပြုပြင်ခြင်းလုပ်ငန်း (၄) အခြားပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ (၈) ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင်လာရောက်ထုတ်ယူနိုင်ပြီး ၃-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်းနံပါတ် ၀၆၇-၄၀၄၁၈၁ နှင့် ၀၆၇-၄၀၄၀၀၇ တို့တွင် စုံစမ်းနိုင် ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကျေးဇူးဆပ်ပါမည်

ကျွန်မ မခင်ခင်မြင့်[၁၁/သတန(နိုင်) ၀၅၉၅၄၄]၏ PP No (A-430322) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၇၃၈၀၁၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများအတွက် e-Government ဆိုင်ရာ Server များအား မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ ဒြပ်ပစ္စည်း သိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာနအတွက် သုတေသနလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့်လည်းကောင်း ဝယ်ယူလိုပါ သည်။

၂။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၃-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄

Christmas နှင့် New Year အကြိုအထူးဈေးရောင်းပွဲတော်

(၂၀-၁၂-၂၀၁၃ မှ ၂၂-၁၂-၂၀၁၃ရက်အထိ)

"not just fashion, it's the Life Style" ဆိုသည့် ဆောင်ပုဒ်အတိုင်းဝတ်စားဆင်ယင်မှု Fashion ဖြင့် အမျိုးသမီးများ၏ Life Style ကို ထင်ဟပ်ပြသခဲ့သော Fashion euphoria ၏ မူပိုင်ဟန်ကို တစိုက်မတ်မတ် အားပေးခဲ့ကြသည့် ဧည့်သည်တော်များအားကျေးဇူးအထူးပင်တင်ရှိပါသည်။

Christmas နှင့် New Year အကြို အထူးဈေးရောင်းပွဲအဖြစ် Fashion euphoria မှ မူပိုင်တီတွင် ဖန်တီးထုတ်လုပ်သော ကွန်ပျူတာ ပန်းထိုးချိတ် ဒီဇိုင်အမျိုးမျိုး၊ ပန်းဒီဇိုင်းအမျိုးမျိုးနှင့် ပိုးထည်အမျိုးမျိုး၊ အရည်အသွေးမြင့်ပွဲထိုင်ဇာအမျိုးမျိုးတို့ကို Year End Sales (နှစ်ကုန်အထူးလျှော့ဈေး)နှင့် New Arrivals Promotion (ကုန်ပစ္စည်းအသစ်ရောင်းချခြင်းကို ကျင်းပ ပြုလုပ်မည်ဖြစ်ပါကြောင်း) မိတ်ဟောင်း၊ မိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။

အချိန်	- နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ
နေရာ	- **110A,** ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်။
ဖုန်း	- ၀၁-၅၅၂၆၃၃

ရေကြည်၌ ယာဉ်တိုက်မှုဖြစ်ပွား

ရေကြည် ဒီဇင်ဘာ ၁၉

ရေကြည်မြို့နယ် မြို့မရပ်ကွက်အနီး ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၅၃/၁)နှင့် (၅၃/၂)အကြား ကားလမ်းပေါ်၌ ဒီဇင်ဘာ ၁၈ ရက် ညနေ ၄ နာရီက ငါးသိုင်းချောင်းမှ ရေကြည်ဘက်သို့ ထွန်းထွန်း မောင်းနှင်လာသော ဂွန်ဒေါင်းအား နောက်မှ ယာဉ်မောင်း မျိုးမင်းအောင်မောင်းနှင်သည့် HULUX SURF(TOYOTA) ကားက ဝင်တိုက်ရာ ဂွန်ဒေါင်းမှာ အရှိန်ဖြင့် ဝါးနှစ်ပြန် အကွာဝေးသို့ လွင့်စဉ်သွားခဲ့သည်။

ယာဉ်တိုက်မှုအရှိန်ကြောင့် လျှပ်စစ်ဓာတ်တိုင်မှာ မြေကြီးမှ ကျွတ်ထွက်သွားခဲ့ပြီး အသုတ်ဆိုင်အား ဆက်လက်ဝင်တိုက်မိရာ ဦးတင်ဆန်း (၅၂)နှစ် တရားရုံး လုပ်သား စျေးပိုင်း မြို့မရပ်ကွက်နေသူအား ထပ်မံဝင်တိုက်မိခဲ့ရာ ခြေထောက်တွင် ဒဏ်ရာရခဲ့သည်။ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းမျိုးမင်းအောင် (၃၈)နှစ် ကားဝယ်၊ ရောင်း ကျန်စစ်သားအိမ်ရာ လှိုင်သာယာမြို့နေသူအား ရေကြည်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဇ၁၄)**

ဒဂုံတောင်မြို့နယ်မှ လူသတ်မှုကျူးလွန်သူ ဖမ်းဆီးရမိ

ရန်ကုန် ဒီဇင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကျောင်းစုအုပ်စု တော်ကွဲကျေးရွာတွင် နိုဝင်ဘာ ၂၈ ရက်က ဒဂုံတောင်မြို့နယ်မှ လူသတ်မှုကျူးလွန်သူအား ဖမ်းဆီးရမိပြီဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၈ ရက် ည ၈ နာရီခွဲက ဣစ္ဆိတံဆယ်လုံးတန်းရှေ့ တဲတန်းလျား(ကျူးကျော်) (၁၇) ရပ်ကွက် ဒဂုံတောင်မြို့နယ်နေသူ ကျော်ဝင်းနိုင်သည် အိမ်နီးချင်းဖြစ်သူ မပပခိုင်နှင့် စကားပြောနေစဉ် လှမြိုင်(လိပ်စာတူ)မှ "ဟေ့ကောင်၊ စိုးနိုင်လား" ဟုပြောဆိုကာ ဓားဖြင့်ထိုးသဖြင့် ကျော်ဝင်းနိုင်တွင် ယာဘက် နံဘေးပြတ်ရှဒဏ်ရာ တစ်ချက်ရရှိပြီး ကျော်ဝင်းနိုင်မှ ၎င်း၏ အစ်ကို စိုးနိုင်အား "အစ်ကိုလေးလှမြိုင် ဓားနဲ့ ထိုးသွားလို့ဟု" အော်ဟစ်ပြောဆိုရာ စိုးနိုင် (လိပ်စာတူ) ရောက်ရှိလာပြီး လှမြိုင်နှင့်လုံးထွေးသတ်ပုတ်စဉ် လှမြိုင်က စိုးနိုင်အား ဓားဖြင့်ထိုးရာ ဝဲရင်အုံ ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲနံဘေးထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဝဲလက်မောင်းထိုးသွင်းဒဏ်ရာ တစ်ချက်ရရှိပြီး သင်္ဃန်းကျွန်း စံပြဆေးရုံသို့ပို့အပ်စဉ် စိုးနိုင်မှာ သေဆုံးသွားခဲ့ကာ ဒဏ်ရာရရှိသူ ကျော်ဝင်းနိုင်အား ပြင်ပလူနာအဖြစ် တင်ပို့ကုသထားပြီး စိုးနိုင်၏ဇနီး မဇင်မာစိုးက လှမြိုင်အား အရေးယူပေးပါရန် တိုင်တန်းသဖြင့် ဒဂုံတောင်မြို့မရဲစခန်းက စစ်ဆေးခဲ့သော အမှုဖြစ်သည်။

တရားခံဖမ်းဆီးရမိရေးအတွက် ဒဂုံတောင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သတင်းအရ ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကျောင်းစုအုပ်စုတော်ကွဲကျေးရွာသို့ သွားရောက်စုံစမ်းဖမ်းဆီးခဲ့ရာ ဒီဇင်ဘာ ၁၃ ရက်တွင် လူသတ်မှုကျူးလွန်သူ လှမြိုင်အား ဖမ်းဆီးရမိပြီး အမှုနှင့်ပတ်သက်သော သက်သေခံပစ္စည်းများအား သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **(၀၄၀)**

အောင်လံမြို့မှ အလည်လာသူတစ်ဦး ရေကြည်မြို့အနီး ယာဉ်တိုက်ခံရ

ရေကြည် ဒီဇင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာအနီး ကားလမ်းမပေါ်၌ ဒီဇင်ဘာ ၁၇ ရက်ညက ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တာဝန်မှူး ဒုရဲအုပ်ဝင်းနိုင်ဦးသည် ဒီဇင်ဘာ ၁၇ရက် ည ၁၁ နာရီတွင် တာဝန်ဆောင်ရွက်နေစဉ် ပျဉ်းကတိုးကုန်းကျေးရွာ ကားလမ်းမပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သွားရောက်ကြည့်ရှုရာ တွတ်ပလွတ်ကျေးရွာအုပ်စု ပျဉ်းကတိုးကုန်းရွာအနီး မိုင်တိုင်အမှတ် (၅၀/၄)နှင့် (၅၀/၅)ကြား၌ မြင့်မြတ်မောင်(၁၉)နှစ် ကျောက်ပတောင်းကျေးရွာ အောင်လံမြို့ မကွေးတိုင်းဒေသကြီးနေသူအား ပုသိမ်-မုံရွာကားလမ်းအတိုင်း ပုသိမ်ဘက်မှ ရေကြည်ဘက်သို့ ယာဉ်မောင်း မင်းမင်း မောင်းနှင်လာသော ယာဉ်အမှတ် ၈ဈ/. . ရန်ကုန်-ကွင်းကောက် ခရီးသည်တင်ယာဉ်မှ ဝင်တိုက်မိကြောင်း စုံစမ်းသိရပြီး မြင့်မြတ်မောင်တွင် ပြင်းထန်စွာဒဏ်ရာများရရှိကာ ရေကြည်ဆေးရုံ၌ သေဆုံးခဲ့သည်။

ယာဉ်မောင်းမင်းမင်းမှာ အခင်းဖြစ်စဉ်ကပင် ထွက်ပြေးတိမ်းရှောင်နေ၍ လိုက်လံစုံစမ်းလျက်ရှိကြောင်း သိရသည်။

ရေကြည်မြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာမှ အောင်လံမြို့တွင် သွားရောက်အလုပ်လုပ်နေသူနှင့် မြင့်မြတ်မောင်မှာ သူငယ်ချင်းများဖြစ်ပြီး ပျဉ်းကတိုးကုန်းရွာသို့ ပြန်လာရာတွင် အဖော်အဖြစ်လိုက်ပါလာပြီး ရန်ကုန်ရှိ အစ်မဆီသို့ ဆက်သွားမည်ဟုဆိုကာ အလည်လိုက်လာရာမှ ယခုကဲ့သို့ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(၆၉၇)**

စဥ့်ကိုင်မြို့နယ် ဆည်ရွာ ဖော့ပုံးစက်ရုံမီးလောင်

စဥ့်ကိုင် ဒီဇင်ဘာ ၁၉

စဥ့်ကိုင်မြို့နယ် ဆည်ရွာအနီးရှိ ကဏန်းပွဲရုံများ၊ ငါးရှည့်ပွဲရုံများ ဖုန်တွင်ရှိသော ရေခဲရိုက်ဖော့ပုံးများ ထုတ်လုပ်ရာ ဖော့ပုံးစက်ရုံ၌ ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ စဥ့်ကိုင်မှမီးသတ်ယာဉ်နှစ်စီး၊ ကျောက်ဆည်မှနှစ်စီး၊ စကားအင်းအဝိုင်း(အမြန်လမ်းမကြီး)မှတစ်စီး၊ တံတားဦးမှသုံးစီး၊ အမရပူရမှတစ်စီး၊ ပလိပ်မှ တစ်စီး၊ စက်မှုဇုန်(၈)ရပ်မှနှစ်စီးနှင့် လူနာတင်ယာဉ်တစ်စီး၊ မန္တလေးဗဟိုမီးသတ်မှ တိုင်းခရိုင်မီးသတ်ဦးစီးမှူး ဦးလှမင်းဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်တစ်စီး စုစုပေါင်း မီးသတ်ယာဉ် ၁၃ စီး ချက်ချင်းရောက်ရှိငြိမ်းသတ်ရာ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

အခင်းဖြစ်ပွားပြီးနောက် စက်ရုံမန်နေဂျာနှင့် အလုပ်သမားများမှာ ထွက်ပြေးတိမ်းရှောင်နေသောကြောင့် မီးလောင်ရခြင်းအကြောင်းအရင်းနှင့် ဆုံးရှုံးမှုတန်ဖိုးကို မသိရသေးကြောင်း၊ စက်ရုံအတွင်းပိုင်းရှိ စက်ပစ္စည်းများအားလုံးမီးလောင်ကျွမ်းပျက်စီးခဲ့ပြီး စက်ရုံအဆောက်အအုံအနောက်ဘက်ခြမ်းမှာလည်း မီးလောင်ကျွမ်းမှုကြောင့် အမိုးများပြိုကျပျက်စီးခဲ့ရကြောင်း၊ လူအသေအပျောက်နှင့် ဒဏ်ရာရမှု တစ်စုံတစ်ရာမရှိကြောင်း၊ စက်ရုံအတွင်း၌ မီးဘေးလုံခြုံရေးအတွက် လက်ဆွဲမီးသတ်ဆေးဘူးနှင့် လက်တွန်းမီးသတ်ဆေးဘူးများစသည့် လုံခြုံရေးအစီအမံများ လုံးဝမတွေ့ရှိရကြောင်း သိရသည်။**သတင်း-အောင်မင်း(စဥ့်ကိုင်)**

ဓာတ်ပုံ-ထွန်းထွန်းနိုင်(ကျောက်ဆည်)



ပုဗ္ဗသီရိမြို့နယ်တွင် ရုပ်သံဖမ်းစက်များပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၁၉

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် ရုပ်သံဖမ်းစက် (Digital Set Top Box)များအား အခြေခံပညာကျောင်းများ၊ သာရေးနာရေးလူမှုရေးအသင်းများ၊ အများပြည်သူကြည့်ရှုရန်နေရာများနှင့် ကျေးရွာစာကြည့်တိုက်များသို့ အခမဲ့ဖြန့်ဝေပေးခြင်းကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုးတို့က ရုပ်သံဖမ်းဆက် (၉၁)လုံးအား ဆေးရုံဆေးပေးခန်းများ၊ အခြေခံပညာကျောင်းများ၊ သာရေးနာရေးလူမှုရေးအသင်းများ၊ အများပြည်သူကြည့်ရှုရန်နေရာများနှင့် ကျေးရွာစာကြည့်တိုက်များမှ ကိုယ်စားလှယ်အသီးသီးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

အမာခံရေကာတာ ဆောက်လုပ်သည့်လုပ်ငန်း စတင်ဆောင်ရွက်

ကလေး ဒီဇင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသည် မြို့လယ်၌ စီးဆင်းလျက်ရှိသော ဥပုသ်ချောင်းကမ်းနံဘေးတွင်တည်ရှိရာ နှစ်စဉ်ဥပုသ်ချောင်းရေကြီးမှုကြောင့် အဆိုပါကျောင်း၏ မြောက်ဘက်ခြမ်း ချောင်းကမ်းပါးမှာ ရေတိုက်စားလျက်ရှိပြီး ယခုအခါ ချောင်းရေတိုက်စား၍ ကမ်းပါးပြိုကျခြင်းများမှ ကာကွယ်နိုင်ရန် အလျားပေ ၄၅၀ ရှိ အမာခံရေကာတာဆောက်လုပ်ရေး လုပ်ငန်းကို ဒီဇင်ဘာ ၁၆ ရက်မှစ၍ စက်ယန္တရားကြီး အသုံးပြုကာ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ အမာခံရေကာတာ ဆောက်လုပ်ခြင်းလုပ်ငန်းကို ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထောက်အကူပြုကော်မတီက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂျိုးနက်

မြိုင်ကလေး တန် (၄၀၀၀) ဘီလပ်မြေစက်ရုံ မီးဘေးအန္တရာယ်ကြိုတင်ပြင်ဆင်

မြိုင်ကလေး ဒီဇင်ဘာ ၁၉

ကရင်ပြည်နယ် မီးသတ်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအေးသန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ရဲမင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် မြိုင်ကလေး တန်(၄၀၀၀)ဘီလပ်မြေစက်ရုံသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

တန်(၄၀၀၀) ဘီလပ်မြေစက်ရုံဌာနအသီးသီးတို့တွင် မီးဘေးကြိုတင်ထားရှိမှုများ၊ အရေးပေါ် မီးငြိမ်းသတ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မီးသတ်ဆေးဘူးနှင့် အခြေခံလိုအပ်ချက်များ၊ မီးငြိမ်းသတ်နိုင်ရေးကြိုတင်ထားရှိမှု ရေလှောင်ကန်များ၊ ဌာနအသီးသီးတို့တွင် အဆင့်သင့်ထားရှိသော ရေပန့်၊ ရေဘားများ ကောင်းမွန်မှု ရှိ၊ မရှိ၊ လျှပ်စစ်ဓာတ်အား သုံးစွဲမှုနှင့် ပတ်သက်၍ လျှပ်စစ်မီးဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ထားရှိမှု ရှိ၊ မရှိ လုပ်ငန်းခွင်အန္တရာယ်ကင်းစင်ရေးသည် ပထမဖြစ်သော မီးဘေးအန္တရာယ်ကင်းဝေးရေးစီမံချက်များ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မီးသတ်ရေသယ်ယာဉ်နှင့် မီးသတ်ကားများ အသင့်သုံးစွဲနိုင်ရန်ကောင်းမွန်မှု ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့သည်။ ဆက်လက်၍ ဆီပန့်ဌာနဆီစတိုတွင်လည်း မီးဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများအားလည်းကောင်း၊ တန်(၄၀၀၀)ဘီလပ်မြေစက်ရုံမှ လုံခြုံရေးနှင့် မီးသတ်ဌာနမှူး ဦးမျိုးတင့်နှင့် အဖွဲ့ဝင်များလိုက်ပါ၍ ပြည်နယ်မီးသတ်ဦးစီးမှူးဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များမှ ဘီလပ်မြေစက်ရုံဌာန အသီးသီးသို့ လိုက်လံစစ်ဆေးခဲ့သည်။

အရေးပေါ် မီးငြိမ်းသတ်နိုင်ရေးအတွက် ဌာနအသီးသီးတို့တွင် ခေတ်မီထိရောက်သော မီးသတ်ဆေးဘူးများ အလုံအလောက်ထားရှိရေး၊ ဆီပန့်၊ ဆီစတိုဌာနတွင် မိုးကြိုးလွှဲစနစ်ထားရှိရန်၊ ဆီသယ်ယာဉ်များတွင် မိုးကြိုးလွှဲ စနစ်တပ်ဆင်ထားရှိရန်နှင့် မီးသတ်ဆေးဗူးများ မဖြစ်မနေထားရှိကြရန် မီးဘေးကြိုတင်ပြင်ဆင်ထားရှိသင့်သည်များကို ညွှန်ကြားထားခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

စစ်မှုထမ်းဟောင်းနှင့်ကျောင်းသား ကျောင်းသူများအားထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ မော်ကွန်းဝင် လေးဦး၊ အသက်(၇၅)နှစ်အထက် အငြိမ်းစားစစ်မှုထမ်းဟောင်းများ ၂၀၁၂-၂၀၁၃ ခုနှစ်တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသား၊ ကျောင်းသူများ၊ ထောက်ပံ့ငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၃ ရက်က စစ်မှုထမ်းဟောင်းများ၏ ရန်ငြိမ်းအောင်ခန်းမတွင် ကျင်းပသည်။ အခမ်းအနားတွင် မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းများအဖွဲ့ ဥက္ကဋ္ဌဗိုလ်ကြီးချစ်ဆွေ(ငြိမ်း)က အဖွင့်အမှာစကားပြောကြားပြီး မော်ကွန်းဝင်ပုဂ္ဂိုလ်များ၊ အငြိမ်းစားစစ်မှုထမ်းဟောင်း အသက်(၇၅)နှစ်အထက်ပုဂ္ဂိုလ်များ၊ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေ ၁၈ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၆၈၄)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

၂၀၁၄ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းတွင် အသုံးပြုမည့် "Theme Song နှင့် လှုံ့ဆော်ရေးသီချင်းရေးပြိုင်ပွဲ ဖိတ်ခေါ်ခြင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်းကော်မရှင်မှ ကြီးမှူးကောက်ယူမည့် ၂၀၁၄ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းအား ၂၀၁၄မတ်လ ၃၀ရက်မှ ဧပြီလ ၁၀ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူမည်ဖြစ်ရာ မကောက်ယူမီ အကြိုကာလနှင့် ကောက်ယူနေသည့် ကာလအတွင်း အသုံးပြုနိုင်ရန်အတွက် **Theme Song နှင့် လှုံ့ဆော်ရေးသီချင်းရေးပြိုင်ပွဲ**ကို ကျင်းပပြုလုပ်မည်ဖြစ်ရာ အောက်ပါအချက်များကို အခြေခံ၍ထည့်သွင်းစဉ်းစားရွေးချယ်သွားမည်ဖြစ်ပါသည်။

၁။ ပြည်သူလူထုအတွက် ရိုးစင်းလွယ်ကူနားစွဲလွယ်၊ သီဆိုလွယ်သော သံစဉ်စာသားပါဝင်မှု

၂။ ပညာရှင်အဆင့်ရှိ ဂီတပညာ သံစဉ်စာသားပါဝင်မှု

၃။ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ၂၀၁၄နှင့်သက်ဆိုင်သည့် အကြောင်းအရာ အချက်အလက်ပါဝင်မှု

ပြိုင်ပွဲဝင်များလိုက်နာရမည့် စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ သီချင်းကြာချိန် (၃)မိနစ်မှ (၅)မိနစ်အတွင်း ဖြစ်ရမည်။

၂။ နိုင်ငံတကာဂီတ ဟန်(သို့မဟုတ်)မြန်မာ့ဂီတ ဟန်၊ နှစ်သက်ရာ ဂီတအမျိုးအစားမဆို ရေးသားစပ်ဆိုနိုင်သည်။

၃။ မိမိကိုယ်တိုင်ရေးသားသော ကိုယ်ပိုင်သံစဉ်သီချင်းဖြစ်ရမည်။

၄။ သီချင်းစာသားစာရွက်နှင့်အတူ တူရိယာဖြင့် တီးခတ်သီဆိုထားသည့် (DEMO CD)(Audio ဖြစ်စေ၊ MP3 ဖြစ်စေ)ပါဝင်ရမည့်အပြင်-အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ E-mail လိပ်စာပြည့်စုံစွာ ပါဝင်ရမည်။

၅။ မြန်မာဘာသာစကားဖြင့် ရေးသားစပ်ဆိုရမည်။

၆။ လှုံ့ဆော်ရေးသီချင်းအဖြစ် ရွေးချယ်ခံရသောသီချင်းများအတွက် တစ်ပုဒ်လျှင် ကျပ်ငွေ ခုနစ်သိန်း (၇)သိန်းစီ ချီးမြှင့်ပါမည်။

၇။ Theme Song အဖြစ်ရွေးချယ်ခံရပါက ကျပ်ငွေဆယ်သိန်း(၁၀)သိန်း ထပ်မံချီးမြှင့်ပါမည်။

၈။ ရွေးချယ်ခံရသော သီချင်းများအတွက် သင့်တော်သည့် သံစဉ်စာသားပြင်ဆင်မှုများကို ခွင့်ပြုရပါမည်။

၉။ ရုပ်သံထုတ်လွှင့်မှု၊ ထုတ်လုပ်မှုများအတွက် သဘောတူညီခွင့်ပြုရပါမည်။

၁၀။ **၂၀၁၄ ဇန်နဝါရီလ ၁၀ရက်(၁၀-၁-၂၀၁၄)**နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း သီချင်းစာသားနှင့် DEMO CD ကို **လူကိုယ်တိုင်**သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်စာချောဖြင့်လည်းကောင်း ပေးပို့ရပါမည်။

(က) ဒေါ်ခင်ခင်ညို၊ ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်၊ ဖုန်း(၀၆၇-၄၃၁၃၃၆၊ ၀၉-၄၂၀၇၀၆၇၄၄)

(ခ) ဒေါ်စန္ဒာမြင့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၁၃၆၈၊ ၀၉-၈၃၀၃၉၁၈

(ဂ) ဦးကြည်လင်၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဖုန်း(၀၁-၂၂၂၇၇၆၊ ၀၉-၃၁၅၄၃၉၆၉)

၁၁။ သီချင်းရေးသားရာတွင် လိုအပ်သောအချက်အလက်များကို အောက်ပါလိပ်စာများ၌ ရယူနိုင်ပါသည်-

(က) ဒေါ်ခင်ခင်ညို၊ ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်၊ ဖုန်း(၀၆၇- ၄၃၁၃၃၆၊ ၀၉-၄၂၀၇၀၆၇၄၄)

(ခ) ဒေါ်စန္ဒာမြင့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်၊ ဖုန်း(၀၆၇-၄၃၁၃၆၈၊ ၀၉-၈၃၀၃၉၁၈)

(ဂ) ဦးကြည်လင်၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဖုန်း(၀၁-၂၂၂၇၇၆၊ ၀၉-၃၁၅၄၃၉၆၉)

(ဃ) တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနရုံးများ

၁၂။ သတ်မှတ်ရက်ကျော်လွန်ပေးပို့လာသည့် သီချင်းများကို ရွေးချယ်ခြင်းမပြုပါ။

Theme Songနှင့် လှုံ့ဆော်ရေးသီချင်းရေးပြိုင်ပွဲကျင်းပစိစစ်ရွေးချယ်ရေးကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ပယ်ဖျက်ခြင်း)

၅-၁၂-၂၀၁၃ရက်မှ ၁၁-၁၂-၂၀၁၃ရက်အထိ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာပါ တင်ဒါ No.22/23 HPGE/2013-2014

(ဂ) Single Cab (Ford Brand) (5)Nos နှင့်

(ဃ) SUVs (Ford Brand) (1)No သည် မှားယွင်းဖော်ပြခဲ့ခြင်းဖြစ်၍ အဆိုပါတင်ဒါအား ပယ်ဖျက်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း

ရုံးအမှတ် (၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၆၈နှင့် ၄၁၁၀၇၆



ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်) (၂၇)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ (၂၇)နှစ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ၁၁-၁-၂၀၁၄ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ရွှေတိဂုံဘုရားအရှေ့ဘက်ရှိ ရခိုင်ပြည်နယ်မွှာရုံ၌ ကျင်းပမည်ဖြစ်ပါသည်။

အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များနှင့် မိသားစုဝင်များ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် အခြေခံပညာအထက်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများစာရင်းနှင့် အလှူငွေများကို ဥက္ကဋ္ဌ ဦးစိုးဝင်း(၀၁-၅၆၁၉၁၄)၊ ဒု-ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး(၀၉-၅၀၁၄၂၆၄)၊ အတွင်းရေးမှူး ဦးစိန်တင်(၀၁-၅၅၂၄၉၅)၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းကြည်(၀၁-၇၀၀၅၉၄)၊ ဘဏ္ဍာရေးမှူး ဒေါ်မြတင် (၀၁-၂၄၂၂၄၆)တို့ထံ ၅-၁-၂၀၁၄ ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းကြပါရန်နှင့် အစည်းအဝေးသို့ အသင်းဝင်များအားလုံး (ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ) စုံညီစွာ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)

၁၀၀% အောင်ချက်အကောင်းဆုံး စွမ်းဆောင်ပေးနိုင်သော

Better Tomorrow

EPS-TOPIK

(ကိုရီးယားလုပ်ငန်းခွင်) သင်တန်းကျောင်း

- ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ချင်သူများအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်သော EPS သင်တန်းကျောင်း။
- ပညာအရည်အချင်းမလိုဘဲ လစာ(၁၀)သိန်းအထက် ရရှိနိုင်သော အခွင့်အရေးကို လက်လွှတ်မခံဘဲ ကိုရီးယားဆရာကိုယ်တိုင် သင်ကြားသော EPS-TOPIK နှင့် ဆက်သွယ်ပြီး သွားကြပါစို့။
- EPS နှင့် Speaking တန်းခွဲသစ်များ ၁၀-၁-၂၀၁၄ရက် နောက်ဆုံးထား၍ လက်ခံပေးနေပါသည်။

Co-Operative With Korea Social Education Center of Myanmar.

အမှတ်(၃၀)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊

Ph:01-512804, 09-421091080, 09-43029256

ပခုက္ကူဒေသ ဗုဒ္ဓပွဲတော်များတွင် မြန်မာ့ရိုးရာခြင်းဝိုင်းများ ထည့်သွင်းကျင်းပမှုများပြားလာ

ပခုက္ကူ ဒီဇင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြို့နယ်တစ်ခွင်ဗုဒ္ဓပူဇနိယပွဲတော်များတွင် မြန်မာရိုးရာခြင်းလုံးအားကစားနည်းများ ထည့်သွင်းကျင်းပမှုတွင်ကျယ်လာကြောင်း သိရသည်။ ပခုက္ကူမြို့အမှတ်(၃)ရပ်ကွက်၊ မဟာအောင်စည်ပုံသကူဗုဒ္ဓပူဇနိယပွဲတော်တွင် ဇာတ်သဘင်-မြန်မာဂန္တဝင် ကာရာအိုကေများ၊ ခေတ်ပေါ်တီးဝိုင်းများအပြင် မြန်မာ့ရိုးရာအားကစားခြင်းအဖွဲ့များကို ဖိတ်ခေါ်၍ ကျင်းပရာ ပရိသတ်များ တိုးမပေါက်အောင် စည်ကားသိုက်မြိုက်ခဲ့ကြောင်း သိရသည်။ "နှစ်စဉ် တန်ဆောင်မုန်းလပြည့် ကျော်၁၄ရက်-၁၅ရက်တွေမှာ ဗုဒ္ဓပူဇနိယပွဲတော်များ ကျင်းပဆင်ယင်ပါတယ်၊ သည်နှစ်မှာ ဘုရားပွဲတော်စည်ကားအောင် မန္တလေးတိုင်း-မကွေးတိုင်း-စက်မှု(၁) လက်ရွေးစင်တွေကိုပါ ဖိတ်ခေါ်ပြီး မြန်မာ့ရိုးရာခြင်းအားကစားကို ထည့်သွင်းကျင်းပပြုလုပ်တာပါ"ဟု အကျိုးတော်ဆောင်တစ်ဦးကပြောသည်။ မဟာအောင်စည်ပုံသကူ ဗုဒ္ဓပူဇနိယပွဲတော်၏ လကွယ်ဥပုသ်နေ့တွင် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်အပါး ၄၅၀တို့ကိုလည်း ဆွမ်းသပိတ်လုံးများ ဆက်ကပ်ပူဇော်လှူဒါန်း ကုသိုလ်ယူခဲ့ကြောင်း သိရသည်။

နေဦးမောင်(ပခုက္ကူ)

မြေပဲဆီလှောင်တောင်သူများ တွက်ခြေကိုက်

ဆောင်းရာသီမြေပဲများ ရင့်မှည့်၍ နုတ်သိမ်းချိန်ရောက်လာက တောင်သူတို့မှာ အခြောက်လှန်းကာ ခြောက်ပြီဆိုသည်နှင့် နီးရာဆီစက်သွား၍ ဆီကြိတ်ခဲ့ကြလေသည်။ ဆီထွက်အားမှာ ကောင်းလှ၍ လယ်သမားတစ်ဦးလျှင် ဆီပိဿာအနည်းဆုံး ၁၀၀၊ အများဆုံးမှာ ၃၀၀မှ ၄၀၀အထိ ရရှိကြလေသည်။

စီးပွားရေးအဆင်ပြေသော တောင်သူဦးကြီးများမှာ မိမိတို့၏ယာတောင်ကုန်းမှ ထွက်ရှိရရှိသော မြေပဲဆီစစ်စစ်ကို ဈေးကောင်း မည်မျှပေးပါစေ၊ လုံးဝမရောင်းကြပေ။ အကြွေးများပေးဆပ်ရန် ငွေသုံးလိုကြသော တောင်သူဦးကြီးအချို့မှာသာ မိမိတို့၏ မြေပဲဆီစစ်စစ်ကို ဈေးနှိမ်ပေးလည်း ရောင်းချကြပါသည်။

မရောင်းမဖြစ် အမှန်ရောင်းချခဲ့ရမည်ဆိုတာ သိရှိကြသော စက်ပိုင်ရှင်များက မြေပဲဆီစစ်စစ်ကို ဈေးနှိမ်၍ ပေးဝယ်ကာ သိုလှောင်ထားကြသည်။ မြေပဲဆီဈေးကောင်းကောင်းရချိန်မှာ ပြန်၍ ထုတ်ရောင်းချကြရာ ဈေးကောင်းရ၊ အမြတ်ကြီးကျန်ဖြင့် ဆီစက်ပိုင်ရှင်တို့ ကြီးပွားချမ်းသာခဲ့ကြရတော့သည်။

ဆီကြိတ်ခဲ့တောင်သူလယ်သမားများထံမှ ဆီပိဿာ(၁၀) ဆီတစ်လုံးလျှင် ကျပ် ၂၂၀၀၀ ခန့်သာ ပေးဝယ်ပြီး ပြန်လည်ရောင်းချချိန်တွင် ကျပ် ၄၀၀၀၀ အထိ ရောင်းချနိုင်ခဲ့ကြသည်။ ဆီစက်ပိုင်ရှင်များမှ မဝယ်လျှင် ကုန်သည်များကလည်း လာ၍ ဝယ်ယူတတ်ကြပါသည်။ လက်လီလက်ကားပြန်၍ ရောင်းချမည့် ဈေးသည်တို့မှာ မြေပဲဆီစစ်စစ်ကို အခြားသောစားအုန်းဆီ၊ နှမ်းဆီ၊ ငါးဆီ၊ နေကြာဆီများဖြင့် ရောစပ်ကာ ရောင်းချကြရာ သူတို့မှာ ပို၍ပင်တွက်ခြေကိုက်နေကြတော့သည်။

ကုန်သည်၊ ဆီစက်ပိုင်ရှင်၊ လက်လီလက်ကား ပြန်၍ရောင်းချကြမည့် သူများ၏စိတ်နေသဘောထား၊ အမြတ်ကြီးစား ခေါင်းပုံဖြတ်တတ်သည်ကို သိထားကြသော တောင်သူတို့မှာ စက်ပိုင်ရှင်များ၏လက်ဝယ် ဘယ်တော့မှ မရောင်းခဲ့။ ပြင်ပမှ ဈေးကောင်းပေးလာဝယ်လျှင်လည်း လုံးဝမရောင်းခဲ့ပေ။ ဆီပိဿာရသမျှအိမ်မှာ ယူခဲ့ကာ သိုလှောင်ထားကြတော့သည်။

မိုးရာသီမိုးလယ်၊ မိုးနှောင်းနှင့် ဆောင်းရာသီကာလရောက်လျှင် မြေပဲဆီဈေးနှုန်းများ အဆမတန်မြင့်မားလာရာ ထိုအချိန်ရောက်လေမှ မိမိအိမ်အတွက် သုံးရန်ချန်ခဲ့ပြီး၊ ပိုတာမှန်သမျှ ရောင်းချမှုပြုခဲ့ကြလေသည်။ ဈေးကောင်းကောင်းရခြင်းများကြောင့် မြေပဲဆီသိုလှောင်ထား တောင်သူများ တွက်ခြေတအားကိုက်နေကြောင်း တွေ့မြင်သိရှိရလေသည်။

ကန့်ဘလူ ကံတင်အောင်(ပထဝီဝင်)

သစ်တောအစုအဖွဲ့ပိုင် စိုက်ခင်းများ၌ နှစ်တို၊ နှစ်ရှည်ပင်များ အောင်မြင်ဖြစ်ထွန်း

ပြင်ဦးလွင် ဒီဇင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီးအား တောအုပ်များဖုံးလွှမ်းနေသော တိုင်းဒေသကြီးဖြစ်ရမည်ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ခရိုင်/မြို့နယ် သစ်တောဦးစီးဌာနမှ ချမှတ်ပေးအပ်ခဲ့သော စီမံချက်များနှင့်အညီ သစ်တော ဌာနစိုက်ခင်းများ သစ်တောဒေသအစုအဖွဲ့ပိုင် တည်ထောင်ခွင့်ပြုထားသော စိုက်ခင်းများတွင် နှစ်တို၊ နှစ်ရှည်ပင်များဖြစ်သည့် ရတနာတန်းဝင်ကျွန်း၊ ယမနေ၊ ခါတော်မီ၊ ယူကလစ်၊ သစ်မွှေး၊ မက္ကဒေးမီးယားနှင့် ထောပတ်ပင်များနှင့် အခြားသစ်မျိုးစုံအပင်များ ဖြစ်ထွန်းအောင်မြင်နေသည်ကို တွေ့မြင်နေရသည်။

သစ်တောအစုအဖွဲ့ပိုင် တည်ထောင်ခွင့်ရ ပြင်ဦးလွင်နှင့် တစ်မိုင်ခန့်အကွာအဝေးရှိ ဧက(၅၀) ဦးကြည်ဝင်း၏ အစုအဖွဲ့ပိုင် တည်ထောင်ခွင့်ရစိုက်ခင်းတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာနှင့် ပံ့ပိုးကူညီမှုရယူ၍ နှစ်တို၊ နှစ်ရှည်ပင်များဖြစ်သည့် ရတနာတန်းဝင်ကျွန်း၊ ယမနေ၊ ခါတော်မီ၊ ယူကလစ်၊ သစ်မွှေး၊ မက္ကဒေးမီးယားနှင့် ထောပတ်ပင်များသည် သဘာဝမြေဩဇာအသုံးပြုလျက် အတန်းလိုက်စိုက်ပျိုးထားရှိရာ ဖြစ်ထွန်းရှင်သန်ကြီးထွားလျက်ရှိနေပြီး အတန်းလိုက်စိုက်ပျိုးထားရှိသော နှစ်တို၊ နှစ်ရှည်ပင်များအောက်၌ မြန်မာကော်ဖီ၊ မြန်မာလက်ဖက်၊ တရုတ်လက်ဖက်၊ မြန်မာသဘော်၊ မြန်မာမာလကာပင်များသည် သဘာဝမြေဩဇာ အသုံးပြုလျက်စိုက်ပျိုးထားရှိရာတွင် အသီးများဝေဆာလျက် အသီးသီးနေသည်ကို တွေ့ရှိရသည်။ **(ယာပုံ)**

ပြင်ဦးလွင်မြို့နယ်အတွင်း မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောကြိုးဝိုင်းမြေများ ဒေသအစုအဖွဲ့ပိုင် တည်ထောင်ခွင့်ပြုထားခြင်းအား သစ်တောများ ပြန်လည်ထိန်းသိမ်းရာဖြစ်လာပြီး နှစ်တို၊ နှစ်ရှည်ပင်များ စိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိနေသည့်အတွက် ပြင်ဦးလွင်မြို့တော်၏ဝန်းကျင်၌ မကြာမီအချိန်အတွင်း တောအုပ်များ ဖုံးလွှမ်းလာတော့မည်ဖြစ်သည်။ **(၅ဧ၁)**

လူမှုရေး/စီးပွားရေးကြော်ငြာ

ဒေါ်မော်မော်
L.C.C.I Level 1,2,3 & Computerised Accounting
09-73205079, 09-43031955
Holiday

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၂၊ မြေကွက်အမှတ် ၂၆၆/ခ၊ မြေကွက်တည်နေရာ အမှတ်(၂၆၆/ခ)၊ မိဂသီ(၁၉)လမ်း၊ (၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပ၊ (ဦးစိန်မြင့်)အမည်ပေါက် နှစ်(၆၀)ဂရန် မြေအားအမည်ပေါက် ဦးစိန်မြင့်နှင့် ဇနီးဒေါ်ခင်စီကွယ်လွန်သဖြင့် ဦးသန်းနိုင် [၁၂/ဥကတ(နိုင်)၀၄၉၂၉၂]၊ ဒေါ်လွင်လွင် [၁၂/ဥကတ(နိုင်)၀၄၉၃၀၅]၊ ဒေါ်သွင်သွင် [၁၂/ဥကတ(နိုင်)၀၄၉၂၉၁]တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်ကိုယ်စားလှယ်လွှဲစာ အမှတ်-၁၇၆၀၆(၁၉-၉-၂၀၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်ကြည်[၁၂/ရပသ(နိုင်)၀၃၅၉၆၇]မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၃-၁၆၃(၁၇-၁၀-၂၀၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

Myanmar First License Training
COFFEE BARISTA INSTITUTE
Coffee Barista
Seats Available for December Class!
Enroll Now...
Early Birds 5% Off
cesmo World Training Center

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကော်ဖီသောက်ရန်အသင့်တော်ဆုံးအချိန်

(ကော်ဖီနဲ့ကျန်းမာရေး) Aromaမျိုးနွယ်ဝင်ဖြစ်တဲ့ အပင်မှရရှိတာကြောင့်လည်း ကော်ဖီက(၁) ပါကင်ဆန် (ခေါ်)အသက်ကြီး၍ ခြေတုန်လက်တုန်ရောဂါများနဲ့ အယ်လ်ဇိုင်းမား(ခေါ်) ဦးနှောက်ဇရာကြိုရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်လို့ အသက်(၆၅)နှစ်အထက် သက်ကြီးပိုင်းတွေကို ကဖိန်းဓာတ်နည်းတဲ့ ကော်ဖီပျော့ပျော့ တိုက်ကျွေးသင့်တယ်လို့ the University of South Florida နှင့် the University of Miami တို့မှ သုတေသီများက အကြံပြုထားပါတယ်။ (၂)အချိုမပါတဲ့ကော်ဖီတစ်နေ့ နှစ်ခွက်ပုံမှန်သောက်ခြင်းက ဆီးချိုအမှတ်-၂ ဖြစ်နိုင်ခြေကို ၅၀ ရာခိုင်နှုန်း လျှော့ချပေးကြောင်း The American Chemical Society က အကြံပြုထားပါတယ်။ (၃)ကဖိန်းဓာတ်က သွေးထဲမှာရှိတဲ့ ဖက်တီးအက်ဆစ်ပမာဏကို တိုးပွားစေကာ ထိုအက်ဆစ်တွေကို ခန္ဓာကိုယ်ကြွက်သားများက စုပ်ယူလောင်မြိုက်ပေးတာမို့ ကိုယ်လက်ကိုက်ခဲနာကျင်ခြင်းကို သက်သာစေတာကြောင့် အထူးသဖြင့် မာရသွန်၊ ပြေးခုန်ပစ်၊ ကြက်တောင်နဲ့ စက်ဘီးစီးအားကစားသမားတွေအတွက် အထောက်အကူပြုတယ်လို့ The New York Times မှာ ဖော်ပြသွားခဲ့ပါတယ်။ (၄)အမျိုးသား၊ အမျိုးသမီး ဦးရေစုစုပေါင်း တစ်သိန်းကျော်ကို အနှစ်(၂၀)ကြာ သုတေသနပြုပြီးတဲ့အခါမှာ ကော်ဖီက အရေပြားကင်ဆာနဲ့ ရင်သားကင်ဆာတွေဖြစ်နိုင်ခြေနည်းပါးစေတယ်လို့ BVrigham and Women's Hospitalမှ အကြံပြုထားပါတယ်။ (၅)ကော်ဖီသောက်ပြီးတဲ့အခါ စိတ်ကို လန်းဆန်းပျော်ရွှင်လာစေတာကြောင့် ဆယ်ကျော်သက်များ မိမိကိုယ်ကို သေကြောင်းကြံစည်လိုမှု ၅၀ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း The Harvard School of Public Health မှ အတည်ပြုထားပါတယ်။ (၆) ကိုရီးယားနိုင်ငံ Seoul National University က ကြွက်များနဲ့ စမ်းသပ်ပြီးနောက်မှာ ကော်ဖီက စိတ်ကျရောဂါကို ပျောက်ကင်းစေတဲ့အပြင် လိင်စိတ်နိုးကြွစေတယ်လို့ ဆိုပါတယ်။ (၇) ၂၀၀၆ခုနှစ်က အမေရိကန်မှာ အရက်စွဲနေသူပေါင်း တစ်သိန်းနှစ်သောင်းကျော်ကို ၂၂နှစ်ကြာ သုတေသနပြုချက်များအရ နေ့စဉ် ကော်ဖီတစ်ခွက် ပုံမှန်သောက်သူတွေမှာ အရက်ကြောင့်ဖြစ်တဲ့ အသည်းခြောက်ရောဂါ ဖြစ်နိုင်ခြေအလားအလာ ၂၀ ရာခိုင်နှုန်းမျှ လျော့ကျစေပါတယ်တဲ့။ (၈)ကော်ဖီက အရွယ်တင် နုပျိုစေတဲ့အပြင် သည်းခြေအိတ်ကျောက်တည်ခြင်း၊ မကြာခဏ မျက်စိပုတ်ခတ်ပုတ်ခတ်လုပ်သူများ၊ သွားပိုးစားခြင်း၊ ဂေါက်(ခေါ်) အဆစ်မြစ်ရောင်ရမ်းနာများ စသည်တို့အတွက် ဆေးဖက်ဝင်တယ်လို့ ကျန်းမာရေးသုတေသီတွေက ဆိုထားကြပါတယ်။ (၉)ဒါတင်မကသေးပါဘူး ကော်ဖီက လူ့သင်းရည်(သားနံ့ရည်)ကြောအဖွဲ့အစည်းကို အဆိပ်အတောက်ပြေစေတာကြောင့် အထူးသဖြင့် Orange Peel (ခေါ်)အရေပြားအဖုအထစ်ကြမ်းတမ်းခြင်းကို သက်သာစေနိုင်လို့ အရေပြားရောဂါရှိသူများ ကော်ဖီမှုန့်နဲ့ပြုလုပ်ထားတဲ့ ဆပ်ပြာ၊ ကရင်မ်၊ လိုးရှင်းတွေကို အသုံးပြုသင့်ပါကြောင်း လှပမှုဆိုင်ရာအရေပြား ရောဂါဗေဒပညာရှင်တွေက ၂၀၁၃ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်က Beauty Mantra (ခေါ်) အမေရိကန်အလှအပဆိုင်ရာ အင်တာနက်စာမျက်နှာမှာ အကြံပြုထားပါတယ်။

(ကော်ဖီနဲ့ဘေးထွက်ဆိုးကျိုး) ကော်ဖီက အထက်ပါ ကျန်းမာရေးအကျိုးကျေးဇူးတွေ ပေးစွမ်းနိုင်သော်လည်းပဲ မွေးရာပါကိုယ်ခံအားနည်းသူများ၊ ကဖိန်းဓာတ်နဲ့ဓာတ်မတည့်သူများ၊ ကဖိန်းဓာတ်ပြင်းပြင်းသောက်သုံးသူများနဲ့ ကော်ဖီအမှုန့်တွေကို မစစ်ခံဘဲ သောက်မိတဲ့အခါများမှာ ခန္ဓာကိုယ်ကို အကျိုးယုတ်စေတဲ့ LDL ကိုလက်စထရောတွေ မြင့်တက်လာပြီး (၁)နှလုံးသွေးကြောရောဂါ၊ (၂)အစာအိမ်အချဉ်ဖောက်၊ (၃)အာရုံကြောကို နှိုးဆွပေးလို့ အိပ်မပျော်၊ ကတုန်ကယင်၊ (၄)သွေးတိုး၊ (၅)ကော်ဖီအသောက်များတဲ့ ကလေးငယ်တွေမှာ ခန္ဓာကိုယ်ကြီးထွားမှုနှောင့်နှေးခြင်း၊ (၆) ကိုယ်ဝန်ဆောင်မိခင်လောင်းတွေ သားလျှောခြင်း (၇) အရိုးပါး (၈) အစာအိမ်၊ အူလမ်းကြောင်း အတွင်းဖုံးလွှာ ထိခိုက်ခြင်း၊ (၉) သွားတွေညိုမည်းခြင်း စတဲ့ဘေးထွက်ဆိုးကျိုးများ ဖြစ်စေပါတယ်တဲ့။

(ကော်ဖီသောက်သင့်မသောက်သင့်)ဒါကြောင့် ကျန်းမာရေးအမြင်ကျယ်လာတာနဲ့အမျှ "ကော်ဖီကောင်း၏ဆိုး၏" ဟူ၍ ကာလကြာရှည်အငြင်းပွားလျက်ရှိနေကြပါတယ်။ ယနေ့အမေရိကန်မှာတော့ ကော်ဖီကရတဲ့ ကဖိန်းဓာတ်နဲ့ homeopathic medicine (ခေါ်)လူကောင်းအတွက် ရောဂါရစေပြီး လူနာများအတွက် ရောဂါပျောက်စေတဲ့ ကုထုံးကို အောင်မြင်စွာ ကုသနိုင်ပြီလို့ ဆိုထားပါတယ်။

(ကော်ဖီသောက်ရန်အသင့်တော်ဆုံးအချိန်) နံနက်အိပ်ရာနိုးထလာတဲ့အခါ ခန္ဓာကိုယ်ထဲမှာ Cortisol ဟိုမုန်းပမာဏမြင့်တက်နေချိန်ဖြစ်ပြီး အဲဒီအချိန်ကော်ဖီသောက်လိုက်တဲ့အခါမှာ ကဖိန်းဓာတ်တွေနဲ့ ဟိုမုန်းတို့ ဓာတ်ပြုကြပြီးနောက် ခန္ဓာကိုယ်ရဲ့ဇီဝကမ္မဖြစ်စဉ်ကို ကောင်းမွန်အောင် နှိုးဆော်ပေးပါတယ်။ ဒါကြောင့် နိုင်ငံတကာ ဆေးသုတေသီတွေရဲ့ လေ့လာစမ်းစစ်မှုအရ နံနက်အိပ်ရာမှနိုးထပြီးနောက် တစ်နာရီခန့်အကြာဟာ ကော်ဖီသောက်ရန်အသင့်တော်ဆုံးအချိန်ဖြစ်ပါတယ်တဲ့။ ထို့ပြင် နေ့လယ်စာစားပြီးနောက် တစ်နာရီကျော်အကြာနဲ့ ညနေခင်းအချိန်တွေကလည်း ကော်ဖီသောက်ရန် သင့်တော်ကောင်းမွန်တဲ့အချိန်များပါပဲ။ သို့သော် တန်ဆေးလွန်ဘေးဖြစ်တတ်တာကြောင့် ကျန်းမာရေးကောင်းမွန်သူတစ်ယောက်အတွက် ကော်ဖီကို တစ်နေ့ သုံးခွက်ထက် ပိုမသောက်သင့်ပါဘူး။ ကော်ဖီကို တစ်နေ့ သုံးခွက်ထက် ပိုသောက်သူတွေမှာ ကျောက်ကပ်ပျက်စီး၍ ဆီးတစ်စက်စက်ကျရောဂါများနဲ့ အရိုးပါးရောဂါတွေ ဖြစ်လာစေတတ်ပါတယ်။ အကယ်၍ တစ်နေ့ လေးခွက်နဲ့ အထက်သောက်သုံးသူများမှာ အချိန်မတိုင်မီ အသက်တိုစေနိုင်ပါတယ်။ ဒ့ါပြင် ကော်ဖီကို ပါရာစီတမောလ်အကိုက်အခဲပျောက်ဆေးတွေနဲ့ (လုံးဝ) တွဲမသောက်သင့်ပါကြောင်း၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနဲ့ ကျန်းမာရေးမကောင်း၍ ကိုယ်ခံအားနည်းသူများအဖို့ ကော်ဖီကို လျှော့သောက်သင့်ပါကြောင်း အကြံပြုလိုက်ပါရစေ။

ပေါက်ပေါက်

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့်စာအုပ်ပွဲတော် ကျင်းပ

လားရှိုး ဒီဇင်ဘာ ၁၉

လားရှိုးမြို့ မြို့တော်ခန်းမ၌ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာအုပ်ပွဲတော်အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပရာ စာအုပ်ရောင်းပွဲတော်ကို နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ စည်ကားစွာရောင်းချပြီး စာပေဟောပြောပွဲကို ညနေ ၃ နာရီမှ ၆ နာရီအထိ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် လားရှိုးမြို့ မြန်မာနိုင်ငံစာရေးဆရာများအသင်းဥက္ကဋ္ဌ စာရေးဆရာ ကောင်းညွန့်ဝေ (ရေစကြို)မှ အဖွင့်အမှာစကားပြောကြားခြင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်းနှင့် စာရေးဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ)မှ အောင်မြင်သောနိုင်ငံ၊ အောင်မြင်သောလူမျိုး၊ စာရေးဆရာမဂျူးမှ "ရသစာပေများ" ခေါင်းစဉ်ဖြင့် ဟောပြောကြရာ စာပေချစ်ပရိသတ်များ၊ ကျောင်းသားကျောင်းသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။

ဇော်လွင်(လားရှိုး)

၁၆-၁၂-၂၀၁၃ ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္တာ သို့ ပို့သမေတ္တာ မှတ်ချက်များ

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်အတွက် မော်တော်ယာဉ် TOYOTA CROWN (SALOON) (2008 MODEL)(၅)စီးနှင့် TOYOTA COROLLA AXIO (SALOON) (2010 MODEL) (၉)စီးတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာနောက်ဆုံးတင်သွင်းရန်နေ့ရက် - ၃၀-၁၂-၂၀၁၃(တနင်္လာနေ့)
အချိန် - ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်းသစ်၊ Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်တွင် ၂၀-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၁-၈၆၁၀၂၂၉၊ ၀၁-၈၆၁၀၂၃၂ နှင့် ၀၁-၂၄၆၃၈၂ တို့ကိုစုံစမ်းနိုင်ပါသည်။

မော်တော်ယာဉ်စိစစ်ဝယ်ယူရေးအဖွဲ့
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကွန်ဒိုတိုက်ခန်း(ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်)

အထက်ပန်းဆိုးတန်း(စိန်နှင့်မြကွန်ဒို)
၇-လွှာ(နှစ်ခန်းတွဲ)
2550 sq-ft-2MB/2B/3B and WC/lift/Car parking
အဆင့်မြင့်ပြင်ဆင်ပြီး(ညှိနှိုင်းဈေး)
ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၃၉၂၅၂၊ ၀၉-၅၅၀၅၅၂၀

သိထားသမျှတွေထဲက သိစေချင်လို့ပါ

**အောင်စိုးထွန်း
(တက္ကသိုလ်ရိပ်သာ)**

ပြောပြချင်တာက ဒီလိုပါ။ ဟိုယခင် မောင်လူလေးငယ်ငယ်က အကြောင်းအရာလေးပါ။ မောင်လူလေးမွေးတဲ့ရွာက ကော့ကဒွတ်ကျေးရွာလို့ခေါ်ပါတယ်။ မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်ကပါ။ ရွာနဲ့ နှစ်မိုင်လောက်ဝေးတဲ့နေရာမှာ (တိုက်ကုလားတောင်)လို့ခေါ်တဲ့ တောင်ကြောရှည်ကြီး တစ်တောင်ရှိတယ်။ အင်္ဂလိပ်ခေတ်က မြန်မာတစ်ပြည်လုံးမီးရထားလမ်းနဲ့ ကားလမ်းတွေမှာခင်းတဲ့ ကျောက်ထုတ်လုပ်တဲ့နာမည်ကြီးကျောက်မိုင်းကြီးရှိတဲ့ တောင်ကြီးပါ။ (ယခုချိန်ထိကျောက်ထုတ်လုပ်နေဆဲပါ)

ကျောက်တောင်ကြီးနဲ့တစ်ဆက်တည်း တောင်တန်းတွေအစီအရီရှိကြတယ်။ တစ်ခုသောတောင်တန်းကြီးမှာ တန်ခိုးကြီးဘုရားများအနက်မှ ကေလာသဘုရားနဲ့ မြသပိတ်ဘုရားတို့မှာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများလာရောက်ဖူးမြော်လေ့ရှိပြီး ပွင့်လင်းရာသီရောက်တဲ့အခါ ဘုရားဖူးများဖြင့် အမြဲတမ်းစည်ကားလေ့ရှိပါတယ်။

ပြောပြချင်တာကတော့ အဲဒီမြသပိတ်ဘုရားမှာ လိုဏ်ဂူကြီးတစ်ခုရှိတယ်။ ဂူကြီးနားမှာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိတယ်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန်မှာ ဂျပန်နိုင်ငံဟာ ဒီစစ်ထဲဝင်ပါခဲ့ပြီး မြန်မာနိုင်ငံထိ အုပ်စိုးခဲ့တယ်။ စစ်ကြီးအပြီးမှာတော့ ဂျပန်ဟာ စစ်ရှုံးလို့ မြန်မာအပါအဝင် မိမိတို့သိမ်းပိုက်ခဲ့တဲ့ နိုင်ငံများမှဆုတ်ခွာထွက်ပြေးခဲ့ရပါတယ်။

မြန်မာနိုင်ငံရဲ့နိုင်ငံရေးအခြေအနေကတော့ ဗိုလ်ချုပ်အောင်ဆန်း၊ ဒေါက်တာဘမော်၊ ဦးနုအစရှိတဲ့ခေါင်းဆောင်တွေဟာ ဂျပန်တွေအဆုတ်မှာ မြန်မာနိုင်ငံဆုံးရှုံးထိခိုက်မှုနည်းနည်းနဲ့ ဂျပန်တွေအမြန်ဆုတ်ခွာနိုင်ရေးအတွက် တိုင်ပင်ဆွေးနွေးကြပြီး နောက်ဆုံး ဦးနုကို ယာယီ ဟန်ဆောင်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ပြီး ဂျပန်တွေမရိပ်မိမီ မြသပိတ်ဘုရားက ဖော်ပြပါလိုဏ်ဂူကြီးထဲမှာ လျှို့ဝှက်ထားခဲ့ကြတယ်။ ဦးနုဟာ သူ့တပည့် မြို့ပိုင်ဦးဗထူးကိုခေါ်လာပြီး သူနဲ့အတူနေစေခဲ့တယ်။ အဲဒီအချိန်မှာ ဦးနုနဲ့တပည့်တို့ဟာ ဘုရားတွေဖူးကြ၊ ဘုန်းတော်ကြီးရဲ့ တရားတွေနာနဲ့ အချိန်တွေကုန်ခဲ့ကြတယ်။

အဲဒီအချိန်က မောင်လူလေးတို့ ကော့ကဒွတ်ကျေးရွာမှာ အသက်(၃၀) ကျော်လောက်ရှိတဲ့ နားထိုင်းဘကြည်(နားမကြား)ဆိုတဲ့ လက္ခဏာဆရာတစ်ယောက်ရှိတယ်။ မည်သူမည်ဝါဆက်သွယ်ပေးသည်မသိ၊ တစ်ရက်မှာ ဦးနုနဲ့ ဦးဗထူးတို့ရဲ့ လက္ခဏာကြည့်ပေးဖို့ဖြစ်ခဲ့တယ်။ ပထမဦးနု၏လက္ခဏာအားကြည့်ရှု၍ ဤလက္ခဏာရှင်သည်သာမန်မဟုတ်၊ မကြာမီ ခေါင်းဆောင်အကြီးအကဲ၊ နိုင်ငံအကြီးအကဲဖြစ်ရမည်ဟုဟောခဲ့သည်။ ဦးနုသည် ဘာမျှပြန်မပြောဘဲ ဆိတ်ဆိတ်ပင်နေလိုက်သည်။

ဦးဗထူး၏အလှည့်ရောက်၍ လက္ခဏာအားကြည့်ပြီး ယခုလက္ခဏာရှင်သည် လက်ရှိထက်မြင့်သောရာထူးသို့ မကြာမီတိုးတက်ရရှိမည်ဖြစ်ကြောင်း ဟောကြားလိုက်သောအခါ ဦးဗထူးမှာ အခြေအမြစ်မရှိသောအကြောင်းအရာများကို ဟောနေသည်ဟုစိတ်၌ဖြစ်ပေါ်ပြီး လက္ခဏာဟောပြောပွဲကို အဆုံးသတ်လိုက်ကြတော့သည်။ (အကြောင်းကား ယခင်အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းစည်းမျဉ်းအရ အငယ်တန်းအုပ်ချုပ်ရေး (မြို့ပိုင်)ရာထူးမှ အကြီးတန်း နယ်ပိုင်ရာထူးသို့ တိုးတက်ရရှိရန်အခွင့်အရေးမရှိခြင်းကြောင့်ပင်ဖြစ်ပါသည်။)

ဗိုလ်ချုပ်အောင်ဆန်းမရှိသည့်နောက် ဦးနုသည် (နုအက်တလီ)စာချုပ်ကို လက်မှတ်ထိုးရပြီး မြန်မာနိုင်ငံဝန်ကြီးချုပ်ဖြစ်လာပါသည်။ ထို့အတူ လွတ်လပ်ရေးရချိန် မြန်မာနိုင်ငံတွင် မြန်မာတိုင်းရင်းသားဝန်ထမ်းများ ရာထူးအဆင့်ဆင့်၌ အရေးတကြီးလိုအပ်ချက်ရှိသည့်အလျောက် မြို့ပိုင်ဦးဗထူးသည်လည်း မည်သို့မည်မျှ မမျှော်မှန်းထားသော နယ်ပိုင်ရာထူးသို့ အံ့အားသင့်ဖွယ် ရာထူးတိုးမြှင့်ခံခဲ့ရသည်။

နားထိုင်းဘကြည်အလှည့်ရောက်ပါပြီ၊ နားထိုင်းဘကြည်အား နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက လယ်ဆယ်ဧက၊ ပတ္တမြားလက်စွပ်တစ်ကွင်း၊ ငွေကျပ်တစ်သိန်းတို့ကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်းနှင့် နယ်ပိုင်ဦးဗထူးကလည်း လိုအပ်သောပစ္စည်းအထောက်အပံ့များပေးခဲ့ကြောင်းသိရသည်။ နားထိုင်းဘကြည်၏ လက္ခဏာပညာစွမ်းအားများပင်ဖြစ်ပါသည်။

တစ်နေ့သောအခါ အိမ်တစ်အိမ်၌ မောင်လူလေး၏အစ်မများအပါအဝင် အပျိုကြီးများ၊ အပျိုလေးများ တအုန်းအုန်းတရုန်းရုန်းနှင့် ရယ်သူကရယ်၊ မဲ့သူကမဲ့၊ ပြုံးသူကပြုံး၊ အုန်းအုန်းကျွက်ကျွက်ရှိနေချိန်တွင် မောင်လူလေးသည် ၎င်းတို့အဖွဲ့ ရှေ့မှဖြတ်လျှောက်သွားမိခဲ့သည်။ အစ်မဖြစ်သူက ဟော့မောင်လူလေး ခဏလာဦးဟု လက်ပြခေါ်ပြီး တစ်ချိန်တည်းပင် နားထိုင်းဘကြည်အား သူ့ကို လက္ခဏာကြည့်ပေးပါဦးဟု ပြောသည်။ ထိုအချိန်က မောင်လူလေးမှာ အသက်တစ်ဆယ့်လေးနှစ်ခန့်သာရှိပါသေးသည်။ မောင်လူလေးမှာ ဘာတစ်ခွန်းမျှ ပြန်မပြောဘဲ သူ့ရဲ့လက်ယာလက်ဖဝါးကို နားထိုင်းဘကြည်ရှေ့သို့ ထိုးပေးလိုက်ပါတော့သည်။

နားထိုင်းဘကြည်သည် မောင်လူလေး၏ လက်ယာလက်အား ကြာရှည်စွာကိုင်ထားပြီး အံ့သြသောအမူအရာဖြင့် ဒီလက္ခဏာမျိုး သူမတွေ့ဖူးသေးကြောင်း၊ လက္ခဏာဟောပြီးပါက ဒီလက္ခဏာနမူနာကိုကူးယူသွားမည့်အကြောင်း ပြောရင်း လက္ခဏာကိုသေချာစွာစေ့စေ့စပ်စပ်ကြည့်ပါတော့သည်။ ဆက်ပြီး ပြောကြားသည်မှာ ဒီလက္ခဏာရှင် အနောက်အရပ်ကိုရောက်လိမ့်မည်၊ ပညာရေးမှာလည်း မြင့်တဲ့ ဘွဲ့ဒီဂရီရရှိမယ်၊ အရာရှိ၊ အရာခံတစ်ဦးလည်းဖြစ်မယ်။ စီးပွားရေးမှာလည်း သူဌေးသူကြွယ်တစ်ဦးဖြစ်ရမယ်။ နားထိုင်းဘကြည်သည် ကိုင်ထားသည့်လက်အားထပ်မံ၍ သေချာစွာကြည့်ရှုစစ်ဆေးပြီး "ဟဲဟဲဟဲ အဲဒီမှာပဲ မိန်းမချောချောနဲ့အိမ်ထောင်ကျမယ်"။

နားထိုင်းဘကြည်သည် မျက်နှာပြုံးစေ့စေ့ဖြင့် 'အောင်မယ် တစ်ယောက်မကဘူး၊ နှစ်ယောက်တောင်တွေ့တယ်'ဟု ပြောကြားကာ ရယ်မောနေပါတော့သည်။ ဤတွင် နားထိုင်းဘကြည်လက္ခဏာကြည့်ပွဲကြီး ပြီးဆုံးသွားပါတော့သည်။

သို့သော် မောင်လူလေး၏ ထိုအချိန်ကအခြေအနေမှာ ဟောကြားချက်များနှင့်လွန်စွာမှ ကွာခြားလျက်ရှိပြီး စိတ်ကူး၍မရနိုင်သည့်အနေအထားပင်ဖြစ်နေသည်။

အဘယ်ကြောင့်ပါနည်း၊ မောင်လူလေးတစ်နှစ်သားအရွယ်မှာ မိခင်ဆုံးပြီး အကြီး(အမေ၏အစ်မ)မှ မွေးစားထားခြင်း၊ ထိုအချိန်က မွန်ပြည်နယ်တစ်ခုလုံးကို သူပုန်များအုပ်ချုပ်ထားသဖြင့် မောင်လူလေးရွာရှိ မူလတန်းကျောင်းမှာ ဆရာ ဆရာမများမရှိတော့၍ ကျောင်းမှာလည်းပိတ်ထားရ၍ မောင်လူလေးမှာ ကျောင်းပင်မနေရရှာပေ။ ကျေးလက်ဒေသအခြေအနေအရလည်း အကြီးနှင့်အတူ စားဝတ်နေရေးအတွက် ရုန်းကန်နေရခြင်းစသည့် လူမှုရေး၊ စီးပွားရေးအခက်အခဲများနှင့် ရင်ဆိုင်နေရခြင်းတို့ကြောင့်ပင်ဖြစ်ပါသည်။

အချိန်ကာလများသည်လည်း ပြောင်းလဲခဲ့ပါပြီ။ ယနေ့ကား ဦးလူကလေးသည် ဘွဲ့၊ ဒီဂရီများဖြင့် ဌာနတစ်ခုတွင် အဆင့်မြင့်အရာရှိတစ်ဦးဖြင့် အလုပ်လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ယခုတစ်ဖန် စီးပွားရေးဘက်သို့ကူးပြောင်းကာ ခိုင်မာတောင့်တင်းသည့် ကုမ္ပဏီပိုင်ရှင်တစ်ဦးအဖြစ် ရန်ကုန်မြို့တွင် ဇနီးချော၊ သားသမီး၊ မြေးများဖြင့်ပျော်ရွှင်စွာ ယခုဘဝ၊ နောင်ဘဝကောင်းစားရေးအတွက် ဦးတည်လျက် အေးချမ်းသာယာစွာ နေထိုင်လျက်ရှိနေကြောင်းပါဗျာ။

ကွယ်လွန်သွားပြီဖြစ်သော နားထိုင်းဘကြည် ကောင်းရာသုဂတိသို့ ရောက်ရှိပါစေ။ ။

စာဖတ်ရှိန်မြှင့်တင်ရေး စွမ်းရည်ပြိုင်ပွဲကျင်းပ

အင်္ဂပူ ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှုဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး စာဖတ်ရှိန်မြှင့်တင်ရေး စွမ်းရည်ပြိုင်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်တွင် ဒီဇင်ဘာ ၁၅ ရက်က မြို့တော်ခန်းမ၌ ကျင်းပရာ အင်္ဂပူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရှိန်တို့က မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကဗျာ၊ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကဗျာ၊ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိကြသော အခြေခံပညာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်မှ ကျောင်းသား ကျောင်းသူများအား မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များ၊ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ၊ အင်္ဂပူမြို့ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဝင်းဗိုလ်ပြန်/ဆက်

မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်း တတိယ(၃)နှစ်သက်တမ်း အလုပ်အမှုဆောင်ရွေးချယ်မည်

မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများအသင်း၏ တတိယ(၃)နှစ်သက်တမ်း၊ အလုပ်အမှုဆောင်ရွေးချယ်ပွဲနှင့် သတ္တမအကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလုပ်အမှုဆောင်အဖြစ် တာဝန်ထမ်းဆောင်လိုသူ အသင်းသားများသည် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ(၂၇)ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်းရုံးတည်ရှိရာ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အဆောက်အအုံ၊ ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ အဆိုပြုလွှာများ တင်သွင်းကြပါရန် အကြောင်းကြားအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအသင်းရုံးခန်း၊ ဖုန်းအမှတ်-၀၁-၆၄၄၁၀၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ကျိုက္ခမီမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားလွှာ

ကျိုက္ခမီမြို့နယ်အသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီတွင် လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်ဝင်း၊ ကျိုက္ခမီကျောင်းတိုက်၌ ကျင်းပမည်ဖြစ်၍ အသင်းဝင်များနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အသက်(၇၅)နှစ်ပြည့် လူကြီးမိဘများနှင့် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးရ ကျောင်းသား၊ကျောင်းသူများ၏ အမည်စာရင်းကို နာယက ဒေါ်ခင်ရီ (ဖုန်း-၀၁-၂၅၃၄၄၀)၊ ဥက္ကဋ္ဌ ဦးမျိုးညွန့်(ဖုန်း-၀၉-၇၃၀၄၅၃၁၉)၊ အတွင်းရေးမှူး ဦးမြသောင်း(ဖုန်း-၀၁-၄၃၀၅၉၇)၊ တွဲ/မှူး ဦးခင်စိန်(ဖုန်း-၀၉-၇၃၀၀၃၄၉၅)၊ ပညာရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ကြွယ်(ကုမ္ပဏီကြွယ် အထည်ဆိုင်)(ဖုန်း-၀၁-၂၉၄၄၆၈)တို့ထံသို့ ၃၀-၁၂-၂၀၁၃ ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အမှုဆောင်အဖွဲ့

ကော့ဘိန်း အထက ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ကော့ကရိတ်မြို့နယ် ကော့ဘိန်းတိုက်နယ်ရှိကျောင်းများတွင် တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)နှစ်ပြည့် ဆရာကြီး၊ ဆရာမကြီးများအား ၁၂-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် အထက ကော့ဘိန်း စိန်ရတနာခန်းမ၌ ပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးနေ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ဆက်သွယ်၍ တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်-

ကော့ဘိန်း(ကိုယ်စားလှယ်)
၁။ Dr.မင်းဝင်းအောင် ၀၉-၂၅၅၇၀၆၂၂၅၊
၂။ ဆရာမဒေါ်မြင့်မြင့်သောင်း ၀၉-၄၂၅၀၀၁၈၅၇၊

ရန်ကုန်(ကိုယ်စားလှယ်)
၁။ နိုင်မောင်ကြိုင် ၀၉-၅၁၆၅၂၇၉၊ ၂။နိုင်စန်းလှိုင် ၀၉-၄၂၅၃၇၃၃၀၃၊
၃။ ဦးစိုးယု ၀၉-၂၅၀၀၁၂၇၁၀၊

နေပြည်တော်(ကိုယ်စားလှယ်)
၁။ ဦးထွန်းရှိန် ၀၉-၈၃၀၂၁၁၈၊

မန္တလေး(ကိုယ်စားလှယ်)
၁။ ဦးသန်းဌေး ၀၉-၂၀၀၂၂၇၁၊ ၂။ ဦးမင်းပန်းအောင် ၀၉-၅၀၆၆၁၉၂၊
၃။ ဒေါ်စန္ဒာဝင်း ၀၉-၂၀၁၈၅၈၈၊ ၄။ဦးမောင်မြင့် ၀၉-၆၈၀၃၄၂၂၊

မော်လမြိုင်(ကိုယ်စားလှယ်)
၁။ ဦးမင်းအောင်မွန်(ကျောင်းသားဟောင်း) ၀၉-၈၇၀၂၄၈၁၊
၂။ ဦးမင်းချစ်ဘ(ကျောင်းသားဟောင်း) ၀၉-၃၃၃၄၅၈၅၅၊
၃။ ဦးမင်းအေးထွန်း(ကျောင်းသားဟောင်း) ၀၉-၄၉၈၀၃၉၁၉၊

ဘားအံ(ကိုယ်စားလှယ်)
၁။ ဦးနိုင်စိုးသိန်း(စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၊ ကရင်ပြည်နယ်)၀၉-၈၇၃၁၆၀၀၊
၂။ ဒေါက်တာတင်ဝေ(ပါမောက္ခ)၀၉-၅၆၆၁၆၅၇၊
၃။ ဦးမျိုးမြင့်နိုင်(ကျောင်းသားဟောင်း)၀၉-၈၇၃၀၅၄၂၊

စစ်တက္ကသိုလ်အမှတ်စဉ်(၁၆)ကျောင်းဆင်း နှစ်ပတ်လည်တွေ့ဆုံပွဲ ဖိတ်ကြားလွှာ

စဉ် အစီအစဉ်	ရက်စွဲ	အချိန်	နေရာ
၁။သံဃာတော်များဆွမ်း သက်န်းဆက်ကပ်လှူဒါန်းခြင်းနှင့် အမျှပေးဝေခြင်း	၃၁-၁၂-၂၀၁၃	နံနက် ၆ နာရီ	ရွှေတိဂုံစေတီ မြေစိုက်စေတီ၊ အမှတ်(၁၉)
၂။ဂေါက်သီးရိုက်ပြိုင်ပွဲ	၃၀-၁၂-၂၀၁၃	နံနက် ၆ နာရီ	တပ်မတော် ဂေါက်ကွင်း
၃။ညစာစားပွဲ	၃၁-၁၂-၂၀၁၃	ည ၆ နာရီ	Oriental House

မေတ္တာရပ်ခံချက်။ ကျဆုံးကွယ်လွန်ခဲ့သော သူငယ်ချင်းများ၏ မိခိုသူ NOK များ အမှတ်စဉ်(၁) မပျက်မကွက် တက်ရောက်ပေးပါရန်။

ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်) (၈၉)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရွှေကျင်မြို့နယ်အသင်း(ရန်ကုန်)၏ (၈၉)နှစ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသက်(၈၀)နှစ်နှင့်အထက် အသင်းဝင်များနှင့် ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသော အသင်းဝင်၏ သားသမီးများစာရင်းကို ၁၀-၁-၂၀၁၄ ရက် နောက်ဆုံးထား၍ အသင်းရုံးသို့ ပေးပို့ကြပါရန်နှင့် အသင်းဝင်များ စုံညီစွာတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။ ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)
အချိန်။ ။ နံနက် ၉ နာရီ
နေရာ။ ။ ရွှေကျင်မြို့နယ် အသင်းဓမ္မာရုံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ် ချမ်းသာဆောက်လုပ်ရေးမှ ကံစမ်းမဲလက်ဆောင်ပေးပါမည်။

အမှုဆောင်အဖွဲ့

ပျောက်ဆုံး

ကျွန်တော် ဦးသာတင်အောင်၏ ကားလိုင်စင်ပါမစ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၈၇၈၉၈၂

ပျောက်ဆုံး

ကျွန်တော်များ U Ba Maung Business Group Service Co.,Ltd. အမည်ဖြင့် ကားပါမစ်စာရွက်များ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉- ၃၁၈၇၈၉၈၂

ပျောက်ဆုံး

ကျွန်တော် ဦးကျော်လှိုင်၏ ကားလိုင်စင်ပါမစ် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၃၁၄၀၆၉၉၇

အသိပညာပေးဟောပြောပွဲများ ညောင်လေးပင်၌ကျင်းပ

ညောင်လေးပင် ဒီဇင်ဘာ ၁၉

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ညောင်လေးမြို့)နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ကျင်းပသော မူးယစ်ဆေးဝါးဆန့်ကျင်ရေး၊ မြန်မာအမျိုးသမီးများ လူကုန်ကူးမှုမခံရရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီက အထက(၂) ညောင်လေးပင်မြို့၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌဦးသိန်းနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ညောင်လေးပင်မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ဆိုးကျိုးများကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဆရာမဒေါ်လှမြတ်နွယ်က မြန်မာအမျိုးသမီးတို့၏ တန်ဖိုးထားမှုစံနှုန်းခေါင်းစဉ်ဖြင့် အမျိုးသမီးတို့၏ ကျင့်ဝတ်သိက္ခာ၊ စောင့်ထိန်းရမည့်ယဉ်ကျေးမှု၊ လူကုန်ကူးမှုမခံရရေးနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ခံဒုရဲအုပ်စန်းယုက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်ပြီး ဆောင်ရန်ရှောင်ရန်များကိုလည်းကောင်း ရှင်းလင်းဟောပြောကြပြီး သုတရသစာအုပ်များနှင့် လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေကြောင်းသိရသည်။

(၅၆၈)

မုံရွာဈေးကွက် ခရမ်းချဉ်များ လှိုင်လှိုင်ထွက်

မုံရွာ ဒီဇင်ဘာ ၁၉

ယင်းမာပင်မြို့နယ်နှင့် ကနီမြို့နယ်ကျေးရွာများမှ ခရမ်းချဉ်သီးများ မုံရွာမြို့ဈေးကွက်သို့ နေ့စဉ် အလုံးအရင်းဖြင့် ဝင်ရောက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်က တစ်ပိဿာကျပ် ၃၅၀ ဈေးမှ ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် တစ်ပိဿာလျှင် ကျပ် ၄၅၀ ဈေးရရှိ၍ ခရမ်းချဉ်စိုက်တောင်သူများ အထူးဝမ်းမြောက်ကြကြောင်း သိရသည်။ ယင်းမာပင်မြို့နယ်၊ ကနီမြို့နယ်များမှ ခရမ်းချဉ်စိုက်ရောင်းသူများ ကိုယ်တိုင်ထော်လာဂျီ၊ ကား၊ ဆိုင်ကယ်များဖြင့် ချင်းတွင်းတံတား(မုံရွာ)မှ တစ်ဆင့် နေ့စဉ် တစ်ရက်လျှင် နံနက်တစ်ခေါက်၊ နေ့လယ်တစ်ခေါက်ဖြင့် နှစ်ခေါက်ပြန်ကာ သယ်ယူပို့ဆောင်၍ ခရမ်းချဉ်ပွဲရုံများသို့လည်းကောင်း၊ လက်လီရောင်းသော ခရမ်းချဉ်သီးဆိုင်များသို့လည်းကောင်း ဖြန့်ဝေရောင်းချပေးလျက်ရှိကြောင်း တွေ့ရသည်။ ထိုသို့ ပို့ဆောင်ရာတွင် ဆိုင်ကယ်တစ်စီးလျှင် ခရမ်းချဉ် ပိဿာ ၁၂၀ခန့်အထိ ရအောင်သယ်ယူကြရာ တစ်ရက် နှစ်ခေါက်သယ်လျှင် ပိဿာ ၂၄၀ အထိပို့ပေးနိုင်ကြောင်း၊ ထော်လာဂျီ တစ်စီးဆိုလျှင်

ခရမ်းချဉ်သီး ပိဿာ ၃၀၀၀ ကျော် ၄၀၀၀ခန့် သယ်ယူနိုင်ပြီး ထော်လာဂျီကားခအဖြစ် ခရမ်းချဉ် တစ်ပိဿာကျပ် ၃၀ ရရှိသောကြောင့် တစ်ခေါက်ပြေးရလျှင် ထော်လာဂျီသမားများအတွက် အမြတ်များများ ကျန်ရှိကာ ခရမ်းချဉ်စိုက်တောင်သူများနှင့်အတူ တန္ဒယ်ငင်တစ်စင်ပါဆိုသလို သယ်ယူပို့ဆောင်ပေးနေသူများလည်း အလုပ်ဖြစ်နေကြောင်းသိရသည်။ ခရမ်းချဉ်ကို ဝါခေါင်လခန့်မှစတင်၍ မြေယာပြုပြင်ပြီး သီတင်းမကျွတ်ခင် စတင်စိုက်ပျိုးကြရာ ဆောင်းရာသီ နှင်းဖြိုင်ဖြိုင်ကျချိန် ဒီဇင်ဘာလအတွင်း ဈေးကွက်သို့ နှစ်စဉ်တင်ပို့ကြရာ ယခုနှစ်တွင် ယခင်နှစ်များကထက် ခရမ်းချဉ်အရများသလို ဈေးမှာလည်း တစ်ရက်ထက်တစ်ရက် မြင့်တက်လာရာ တောင်သူများအဖို့ ယခုလိုရက်ပိုင်းတွင် ရောင်းရေးဝယ်တာပြုလုပ်ရသည်မှာ ပျော်ရွှင်နေမိကြောင်း၊ ယင်းမာပင်မြို့နယ် တရော်ကျင်းကျေးရွာဒေသခံ ခရမ်းချဉ်တောင်သူများကဆိုသည်။ ဈေးကွက်သို့ လာရောက်ပို့ဆောင်သော ခရမ်းချဉ်များတွင် ရိုးရိုးအလုံးများပါသလို ကျားခြေရာဟုခေါ်သော ပန်ထွေဖျော်စားရသော ခရမ်းချဉ်များလည်းပါဝင်သည်ကိုဈေးကွက်အတွင်း မြင်တွေ့ရသည်။

(အပေါ်ပုံ) မျိုးဝင်းထွန်း(မုံရွာ)

ပေါက်မြို့၌ အမျိုးသမီးအိမ်တွင်းမှုသင်တန်းဖွင့်

ပေါက် ဒီဇင်ဘာ ၁၉

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပေါက်မြို့)၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၂၅)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၁) ဖွင့်ပွဲကို ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်တက်ရောက်၍ အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ သင်တန်းကျောင်းအုပ်ကြီး ဒေါ်စောသီတာဆွေက သင်တန်းစည်းကမ်းချက်များနှင့် အမျိုးသမီးငယ်များအား လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်တွင်းမှုလုပ်ငန်း ပညာရပ်များသင်ကြားပေးပြီး ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများထူထောင်ပေးနိုင်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်၍ အမျိုးကောင်းသားသမီးများပီသစွာနေထိုင်ရေး၊ မိမိတို့၏တိုင်းရင်းသားရိုးရာဝတ်စုံများကို ရှေးမူမပျက်စေဘဲ ခေတ်မီဆန်းသစ်သည့် လက်ရာများဖြင့် ပေါင်းစပ်တီထွင်၍ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရေးရည်ရွယ်ကာ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ အခြေခံအိမ်တွင်းမှုသင်တန်းသူ ၄၆ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူ လေးဦး ပေါင်း ၅၀ တက်ရောက်ကြပြီး သင်တန်းကာလသုံးလခွဲဖြစ်၍ အခြေခံသင်တန်းသူတစ်ဦးလျှင် ပိတ်စ ၁၀ ကိုက်နှင့် အဆင့်မြင့်သင်တန်းသူတစ်ဦးလျှင် ပိတ်စ ကိုက် ၂၀ ထောက်ပံ့ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အောင်(မန်းတက္ကသိုလ်)

လူမှုရေး/စီးပွားရေးကြော်ငြာ

ဖြူးမဟာစည်ရိပ်သာ(ရန်ကုန်)
ဆောင်းရာသီတရားစခန်း ဖွင့်မည်

"ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး တည်ထောင်သာသနာပြုသီတင်းသုံးတော်မူခဲ့ရာ ရန်ကုန်မြို့၊ အမှတ်(၅)ရပ်ကွက်၊ ကမာရွတ်ဘူတာအနီး၊ လှိုင်မြို့နယ်၊ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ဆရာတော် စံလွန်တော်မမူခင်ထားရှိတော်မူခဲ့သော သာသနာပြုသြဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်ကာ" နှစ်စဉ် ကျင်းပမြဲဖြစ်သော (၂၅)ကြိမ်မြောက် ဆောင်းရာသီ မဟာစည်သတိပဋ္ဌာန် ဝိပဿနာ(၁၅)ရက် တရားစခန်းပွဲကို ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၉ရက်မှ ပြာသိုလပြည့်ကျော် ၈ ရက်ထိ၊ ၉-၁-၂၀၁၄ ရက်မှ ၂၃-၁-၂၀၁၄ရက်အထိ ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာန နာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ [M.A, Ph.D (Thesis) INDIA] အရှင်သူမြတ် ဦးဆောင်၍ ဖြူးဆရာတော်၏ တပည့် ဓမ္မကထိက သံဃာတော်များက ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်၊ ဓမ္မပူဇာအလှူ၊ ဆွမ်းပဒေသာပင်အလှူ၊ မီး၊ ရေ၊ ဝေယျာဝစ္စအလှူတို့ကို လှူဒါန်းလိုသူများတို့သည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၉-၅၀၁၇၅၅၄၊ ၀၉-၅၃၉၀၄၁၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

P.E POWER Co.,Ltd

အမှတ်(၁၀)၊ သီရိမွန်(၃)လမ်း၊ ဘုရင့်နောင်လမ်းဆုံ
ဝန်ထမ်းအလိုရှိသည်
အရောင်းဝန်ထမ်း-ဘွဲ့ရ၊ အသက်(၃၀)နှစ်အောက်၊ ကျား(၅)ဦး
ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၈၆၅၀၈







ပြည်တွင်းရေးရာ

အမျိုးသမီးရေးရာအဖွဲ့ရုံးအဆောက်အအုံ ပန္နက်တင်

ပဲခူး ဒီဇင်ဘာ ၁၉

ပဲခူးမြို့ ရပ်ကွက်ကြီး(၄) ဗိုလ်ချုပ်လမ်းတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံးဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၈ နာရီတွင်ကျင်းပရာ အဆိုပါပန္နက်တင်မင်္ဂလာအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်ဦး၊ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုးနှင့် ဒေါ်တင့်မော်နှင့် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသူတို့က အဆောက်အအုံ ဆောက်လုပ်ရန်အတွက် မြေနေရာကို ပန္နက်ရိုက်ပေးခဲ့၍ စေတနာရှင် အလှူရှင်များက အဆောက်အအုံ ဆောက်လုပ်ရန် အလှူငွေကျပ် ၄၀၇ သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သုတ-ပဲခူး)

မြန်မာစာချစ်မြတ်နိုးသူတိုင်း အသင်းဝင်အဖြစ်လျှောက်ထားနိုင်

မုံရွာ ဒီဇင်ဘာ ၁၉

မြန်မာစာကိုထိန်းသိမ်းမြှင့်တင်နိုင်ရန်ရည်ရွယ်၍ မုံရွာမြို့ကိုဗဟိုပြု၍ မုံရွာခရိုင်အတွင်းရှိ ဘုတလင်၊ ချောင်းဦး၊ အရာတော်မြို့များမှသည် ကျေးလက်ဒေသများမှ မြန်မာစာချစ်သူများစုစည်းအသင်းဝင်ကာ မြန်မာစာအပေါ် စာပေသက်သက်လှုပ်ရှားနိုင်ရန်အတွက် မြန်မာစာဆရာကြီးဘုတလင်ချစ်လေး၏ တပည့် ဂုဏ်ထူးဦးသိန်းနိုင်က နိုဝင်ဘာ ၃ ရက် ရက်စွဲဖြင့် အသိပေးအကြောင်းကြားထားရာ မုံရွာခရိုင်အတွက် မြန်မာစာပေချစ်မြတ်နိုးသူများ အသင်းသား အဆိုပြုလွှာများကို ဝေငှ၍ ခေါ်ယူလျက်ရှိရာ အသင်းဝင်များဝင်ရောက်လာကြပြီဖြစ်ကြောင်း မုံရွာခရိုင်တာဝန်ခံ ဦးကျော်သက်ခိုင်ထံမှ သိရသည်။

မြန်မာစာကိုချစ်မြတ်နိုးသူဖြစ်လျှင် အသင်းဝင်အရည်အချင်းများ ပြည့်စုံပြီဖြစ်ရာ မည်သူမဆိုပါဝင်ဆောင်ရွက်နိုင်အောင်စီစဉ်ထားပြီး ဗဟိုအသင်းအတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် အသင်းအဖွဲ့မှတ်ပုံတင်ကျပြီးဖြစ်ရာ အသင်းဝင်သူများအနေဖြင့် ဝင်ခွင့်ပုံစံဖြည့်၍ ရိုးရိုးအသင်းဝင်များအတွက် ကျပ် ၃၀၀၀၊ ဂုဏ်ထူးဆောင်အသင်းဝင်များအဖြစ် ကျပ် ၁၀၀၀၀နှင့်အထက်ထည့်ဝင်နိုင်ရန်စီစဉ်ထားသည်။ ကျောင်းသားကျောင်းသူများအတွက် ကျပ် ၁၅၀၀ သတ်မှတ်ထားကြောင်းသိရသည်။ အသင်းရန်ပုံငွေကို အသင်း၏ ဆုံးဖြတ်ချက်နှင့်အညီရှာဖွေကြမည်ဖြစ်ပြီး "မြန်စာချစ်" အသင်းမှကျပန်း စကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲများကို ကျင်းပနိုင်ရန်အတွက် အလက၊ အထက ကျောင်းကြီးများ၏ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

"မြန်စာချစ်" အသင်းကြီးကြောင့် မြန်မာစာပေကိုပိုပြီးအလေးအနက်ထားတတ်လာကြပြီး လူငယ်များ၏ စာဖတ်မှုဓလေ့များပိုမိုမြင့်မားလာမည်ဖြစ်သလို အရေးအသားတွင်လည်းတိုးတက်လာကာ သတ်ပုံသတ်ညွှန်းမှန်ကန်၍ လက်ရေးလက်သားပိုကောင်းလာသည့် ကောင်းကျိုးများရှေးရှု၍ အဆိုပါအသင်းကြီးကို စတင်သန္ဓေတည်ဖွဲ့စည်းခြင်းဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

အထက (၆) အလုံ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၁၉

ပွင့်လင်းရာသီရောက်လာပြီဖြစ်၍ အလုံမြို့နယ် မီးသတ်စခန်းမှ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းများကို စီမံချက်နှင့်အညီ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား မြို့နယ်မီးသတ်ဦးစီးမှူး ရဲသူရိန်အောင်ဇေယျာထွန်းနှင့်အဖွဲ့က မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပြီး မီးငြိမ်းသတ်ရေးလက်တွေ့ပြသမှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ရွှေတည်-တင်ဦးလေး)

ရွှေကူမြို့နယ် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေပေးအပ်လှူဒါန်းပွဲနှင့် ကျောင်းဆောင်သစ်များ ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်

မြစ်ကြီးနား ဒီဇင်ဘာ ၁၉

ရန်ကုန်မြို့ အင်းလျားလမ်းနေ ဦးဝင်းနိုင်-ဒေါ်ဝေဝေမွန် (ရွှေဟိန်းထက် ကျောက်မျက်ကုမ္ပဏီ)က ဆောက်လုပ်လှူဒါန်းသော ရွှေကူမြို့နယ် ဘိုကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သရဖီနှစ်ထပ်ကျောင်းဆောင်သစ်နှင့် မြိုင်သာယာကျေးရွာ အခြေခံပညာမူလတန်းကျောင်း တစ်ထပ်ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ဘိုကုန်း အထက ပညာ့တံခွန်ခန်းမ၌ ကျင်းပသည်။

အဆိုပါနှစ်ထပ်ကျောင်းဆောင်သစ်မှာ အလျားပေ ၁၇၀၊ အနံပေ ၃၀၊ အက်စ်အက်စ် ၂-၅ အမျိုးအစားဖြစ်ပြီး ကုန်ကျငွေကျပ် ၆၇၅ သိန်းခန့်နှင့် တစ်ထပ်ကျောင်းဆောင်သစ်မှာ အလျားပေ ၁၀၀၊ အနံပေ ၃၀၊ ပီအက်စ် ၁-၅ အမျိုးအစားဖြစ်ပြီး ကုန်ကျငွေကျပ် သိန်း ၂၀၀ ဖြစ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးတိုးအောင်၊ အလှူရှင်ဒေါ်ဝေဝေမွန်နှင့် မြို့မိမြို့ဖ ဦးဝင်းမောင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကိုမင်းသိခ်-မအေးနှင်းဖြူမိသားစုက ငွေကျပ် သိန်း ၄၀ တန်ဖိုးရှိ အားကစားပစ္စည်းများ၊ ဘင်ခရာဝတ်စုံ၊ ဘင်ခရာနှင့်ဆက်စပ်ပစ္စည်းများဝယ်ယူရန်နှင့် ဦးဝင်းနိုင်-ဒေါ်ဝေဝေမွန် မိသားစုက ရွှေကူမြို့နယ်လုံးဆိုင်ရာ နာရေးကူညီမှုအသင်းအတွက် လူနာတင်ယာဉ် ဝယ်ယူရန်ငွေကျပ်သိန်း ၇၀၊ ဘိုကုန်း ကျေးရွာတိုက်နယ်ဆေးရုံသို့ ငွေကျပ် ၂၂ သိန်း၊ ရေကာတာပြုပြင်ဆောက်လုပ်ရန် ငွေကျပ်သိန်း ၂၀၊ မြိုင်သာယာ ကျေးရွာအခြေခံပညာမူလတန်းကျောင်းသို့ ငွေကျပ်ငါးသိန်း၊ မြို့နယ်မီးသတ်ယာဉ်၊ ရွှေကူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့နယ်ဖွံ့ဖြိုးရေးရန်ပုံငွေအတွက် ငွေကျပ် ၁၀ သိန်းကို အသီးသီးပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်လုံးကျွတ်လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်

ဆိပ်ဖြူ ဒီဇင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြို့နယ်လုံးကျွတ်လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးအေးဟောက်ဆွမ်းမန်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)နှင့် ပတ်သက်၍ လုပ်ပိုင်ခွင့်ရရှိသူများ အခွင့်အရေးများလိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ခရိုင်မြေစာရင်းဦးစီးမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်မြေစာရင်းဦးစီးမှူးတို့က တောင်သူကိုယ်စားလှယ်များအား အသီးသီးပေးအပ်ကြသည်။ ဆိပ်ဖြူမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၆အုပ်စု၊ ကျေးရွာပေါင်း ၁၃၈ ရွာ၊ ဦးပိုင်ပေါင်း ၄၇၁၁၃၊ တောင်သူ ၂၁၉၅၀ အား ၇၈၈၉၈ ဧက ထုတ်ပေးပြီးစီးကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

စီးပွားရေးကြော်ငြာ

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



"ပေကျယ်" တိုက်ခန်းရောင်းမည် (ပွဲစားမလို)

စမ်းချောင်း၊ ပေ (၁၈×၆၀)၊ သတ္တမထပ်၊ (ထပ်ခိုးမြင့်ပါ)၊ ကျွန်းပါကေး၊ ကျွန်းအိပ်ခန်း(၂)၊ သံပန်းပြည့်၊ ဆန်းရှိတ်ပါ၊ (ဝရန်တာ၊ မီးဖိုခန်း၊ ရေချိုးခန်း၊ ဘိုထိုင်အိမ်သာ) ကြွေပြားခင်းကပ်၊ ကိုယ်ပိုင် (ရေ၊ မီး)၊ အထူးပြင်ဆင်ပြီး၊ တိုက်သစ်၊ နေရာကောင်း၊ သိန်း(၅၀၀)

(ဝယ်သူသာဆက်သွယ်ရန်) ဖုန်း-၀၉၄၂၀၁၂၈၈၇၅၊ ၀၉ ၇၃၁၅၆၄၉၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏ ဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ် ၅၃၂/စီ၁)၊ မြေကွက်အမှတ်(၄/၂၁၁)၊ မြေကွက်တည်နေရာအမှတ်(၂၇၄)၊ ကာယ(၁၁)လမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာ ငယ်စာရင်းအမည်ပေါက် ဦးအောင်ခိုင် မြေကွက်အားအမည်ပေါက် ကွယ်လွန်သဖြင့် (၁)ဦးမျိုးသန့်လွင်[၁၂/တမန(နိုင်)၀၅၀၃၈၇]၊ (၂) ဒေါ်လဲ့လဲ့မျိုး[၁၂/တမန(နိုင်)၀၃၃၇၂၉]တို့က သား၊ သမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ သေစာရင်းတို့ကိုတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် အသိပေးကြေညာချက်

လှည်းကူးမြို့၊ မြို့မရပ်ကွက်(၈/၁)၊ ခိုင်ရွှေဝါလမ်း၊ မြေကွက်အမှတ်(၂၁၄)ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ယဉ်ယဉ်ဌေး(HGU-112607)ထံမှ ကျွန်ုပ်ဝယ်ယူမည်ဖြစ်၍ စရန်ငွေကိုလည်း ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ၂၇-၁၂-၂၀၁၃ရက် မတိုင်မီ ကန့်ကွက်ပါရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်သော်တာအောင်
ဖုန်း-၀၉- ၅၀၈၉၃၆၈၊ ၀၁-၅၅၆၅၇၁

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၆/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-134(2013-2014)	Spares for AB 100 Well Servicing Truck	(2) Items	US$
(၂)	IFB-135(2013-2014)	Spares for Blow Out Preventer Ex ZJ 70 L Drilling Rigs	(5) Items	US$
(၃)	IFB-136(2013-2014)	Universal Fuel Pump Test Stand	(1) No	US$
(၄)	IFB-137(2013-2014)	5 Ton Excavator (0.16 m3)	(2) Units	US$
(၅)	IFB-138(2013-2014)	25 Ton Excavator (1.2 m3)	(2) Units	US$
(၆)	IFB-139(2013-2014)	Rig Air Compressor	(1) Unit	US$
(၇)	IFB-140(2013-2014)	30 Ton Crawler Crane	(1) Unit	US$
(၈)	IFB-141(2013-2014)	8"& 6 1/2" Spiral Drill Collar	(2) Items	US$
(၉)	IFB-142(2013-2014)	Welding Electrode E 6011(30 Ton)	(1) Lot	US$
(၁၀)	IFB-143(2013-2014)	Spares for CAT D379 & CAT D399 Engines	(5) Items	US$
(၁၁)	IFB-144(2013-2014)	Drawworks Main Drum Brake Shoe Lining	(9) Items	US$
(၁၂)	IFB-145(2013-2014)	Portable Welding Machine with Complete Accessories(300AMP, Diesel Engine Driven)	(4) Units	US$
(၁၃)	IFB-146(2013-2014)	Heat Shrinkable Sleeve(1200 Rolls) Closure Patches(25000 Nos)	(4) Items	US$
(၁၄)	DMP/L-044(2013-2014)	Spares for F 1000 Rig Pump Ex D3T2 SR I & II	(11) Items	KS
(၁၅)	DMP/L-045(2013-2014)	Rotor Seals for ZJ 70 L SR I &II	(10) Items	KS
(၁၆)	DMP/L-046(2013-2014)	Electrical Spares for Caterpillar Gas Engine Lighting Set	(4) Items	KS

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၃-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆



ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးစိန်ဝင်း[၁၂/တမန(နိုင်)၀၃၂၉၄၈]၏မဒိတာအိမ်ရာစီမံကိန်း၊ အမှတ်(၂)မှ တိုက်ခန်းအမှတ်(2A-118)အား ဝယ်ယူထားသော စာချုပ်မူရင်းနှင့်အရေးကြီးသော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။

ဖုန်း-၀၉-၂၅၀၀၂၆၅၈၄

ပျောက်ဆုံး

ကျွန်တော် သက်နိုင်ဦး S/DGNMTT-၀၄၂၃၃၃ ၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ် M-702161 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၀၁၅၇၃၅၆၄၅

မြို့လယ်နေရာကောင်း-အမြန်ရောင်းမည်

(MAC Tower)ကုန်သည်လမ်းနှင့် ၃၅ လမ်းထောင့်၊ (၁၀)ထပ်(1500 sqft)
HALL TYPE(LIFT) သိန်း(၃၀၀၀)
ဦးမျိုးကြည်၊ အောင်မင်္ဂလာအကျိုးဆောင်
Ph:-01-578638, 09-73072163

အလုပြင်သင်တန်း

ညှပ်နည်း၊ ကောက်နည်းအမျိုးမျိုး၊ ဖြောင့်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆက်၊ ကာလာဆိုး၊ မျက်နှာ၊ Spa နှင့်မိတ်ကပ်၊ ဆံထုံး၊ လက်သည်းပန်းချီ၊ လက်မွေး၊ ခြေမွေးအရောင်သွင်း၊ ပန်းအလှပြင် အခြေခံနှင့် အထက်ပါ ဘာသာရပ်(၃၄)မျိုးကို သင်တန်းကြေး(တစ်သိန်းခွဲ)နှင့် (၂)လအတတ် သင်ကြားပေးမည်ဖြစ်ပါသည်။ သင်ထောက်ကူပစ္စည်းဝယ်စရာမလိုပါ။ စက်ချုပ် ဘာသာစုံသင်တန်းကြေး(တစ်သိန်း) နယ်မှလာသူများကို အဆောင်စီစဉ်ပေးပါသည်။ ညအချိန်ပိုင်းသင်တန်းရှိသည်။

ဖုန်း-၀၉-၄၉၂၆၈၃၀၅

လမ်းကြိတ်စက်(၈~၁၀တန်)ရောင်း/ငှား

ဒဂုံတောင်၊ ဇုန်(၁)၊ မန္တလေးလမ်း။
ဖုန်း-၀၉-၄၃၁၁၂၃၉၉၊ ၀၉-၄၃၀၁၁၂၂၂

မြေကွက်ရောင်းရန်ရှိသည်

မြဝတီလမ်း၊ (၁၇)နန္ဒဝန်တောင်ရပ်ကွက်၊ညောင်ရွှေမြို့ရှမ်းပြည်နယ်(တောင်ပိုင်း)။
(၀. ၂၂၂)ဧက အရှေ့အနောက် (၇၃-၇၃)ပေ
တောင်-မြောက် (၁၂၇-၁၂၇)ပေ ညှိနှိုင်းဈေး-သိန်း ၃၅၀၀
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၉-၇၃၂၂၂၉၉၉၊ ၀၉-၅၁၅၅၅၈၈

တိုက်ခန်းငှားမည်(ပိုင်ရှင်ကိုယ်တိုင်) ကုမ္ပဏီဖွင့်ရန် သင့်တော်သည်။

စန္ဒာမြိုင်ဆေးခန်းအနီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်အင်းစိန်လမ်းမကြီး၊ ရန်ကုန်မြို့။ **ဖုန်း-၀၁-၅၂၁၀၇၀၊**
၀၉-၅၄၁၈၉၂၁၊ ၀၉-၅၀၅၂၂၁၄

Taxi ကားသစ်ငှားမည်

Tayota Caldina, နောက်လေး၊ 1500 CC, CNG ကျကားနီး၊ ကားသစ်၊ တစ်လက်ကိုင်၊ စပေါ်-၃ သိန်း၊ တောင်ဥက္ကလာ။
ဖုန်း -၀၉-၅၀၂၀၃၈၀၊ ၀၁-၅၆၁၉၇၀

အမွေပြတ်စွန့်လွှတ်ခြင်း

ဦးကိုကိုကြီး -(ဒေါ်ရီရီနွယ်)တို့၏သားဖြစ်သူ မောင်ချစ်ပိုင်စိုး[၁၂/ကတတ(နိုင်)၀၃၀၈၉၅] သည် မိဘဆွေမျိုးများ၏ဆိုဆုံးမမှုကို မခံယူဘဲ မိဘဆွေမျိုးအပေါ် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုခြင်း၊ အိမ်မှငွေများကို ယူ၍ထွက်သွားခြင်းတို့ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း သိစေအပ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ မိဘဆွေမျိုးများမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကိုကိုကြီး[၉/မကန(နိုင်)၀၄၇၀၂၀]

ကိုဝင်းလှိုင်(ခ)လှိုင်မင်းဦး (ဘ)ဦးအောင်မင်းအား သွာနုတ္တသားအဖြစ်ကြေညာ၍ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ(၁၁)လမ်း၊ အမှတ်(၁၉၃)နေ ဒေါ်တင်မြင့်[၁၂/ဥကမ(နိုင်)၀၆၇၄၄၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏သားကြီးဖြစ်သူ ကိုဝင်းလှိုင်(ခ)လှိုင်မင်းဦးသည် မိဘများ၏ဩဝါဒကို မနာခံဘဲ မိဘဂုဏ်သိက္ခာထိခိုက်စေသည့် အရှက်ရဖွယ်ကိစ္စများကို အမျိုးမျိုးပြုလုပ်ကာ သားသမီးတို့၏ ကျင့်ဝတ်ပျက်ပြားသူဖြစ်၍ ၎င်းကိုယနေ့မှစ၍ ကျွန်ုပ်မိတ်ဆွေမှ သွာနုတ္တသားအဖြစ် သတ်မှတ်ကြေညာပြီး အမွေခံသားအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကိုဝင်းလှိုင်(ခ)လှိုင်မင်းဦးနှင့်ပတ်သက်သောအရှုပ်အရှင်းပြဿနာကိစ္စအဝဝကိုလည်း ကျွန်ုပ်၏မိတ်ဆွေမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (မေးမြန်းစုံစမ်းခြင်းသည်းခံပါ)

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်အောင်ထူး (LL.B) အထက်တန်းရှေ့နေ(စဉ်-၂၄၃၇၉)
ဖုန်း-၀၉-၇၃၀၁၈၅၃၆

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဘေဘီ(မြင်းခြံ)
အသက်(၈၄)နှစ်

System Engineering Co.,Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးကျော်ကျော်စိုး၏ မိခင် ဒေါ်ဘေဘီ အသက်(၈၄)နှစ်သည် ၉. ၁၂. ၂၀၁၃ ရက် နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မန္တလေး(G.TI)ကျောင်းသား၊ ကျောင်းသူဟောင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဘေဘီ(မြင်းခြံ)
အသက်(၈၄)နှစ်

System Engineering Co.,Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးကျော်ကျော်စိုး၏ မိခင် ဒေါ်ဘေဘီ အသက်(၈၄)နှစ်သည် ၉. ၁၂. ၂၀၁၃ ရက် နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှမြင့်-ဒေါ်စန်းစန်းဝင်း၊ ၁၉၇၉-မန္တလေး(G.T.I)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဘေဘီ(မြင်းခြံ)
အသက်(၈၄)နှစ်

System Engineering ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာ ဦးကျော်ကျော်စိုး၏ မိခင် ဒေါ်ဘေဘီ အသက်(၈၄)နှစ်သည် ၉. ၁၂. ၂၀၁၃ ရက် နံနက် ၈း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တင်စိုး(Kaung Paint Group)

ဝမ်းနည်းကြေကွဲခြင်း

Dr.ဖေသောင်းမြင့်(ခ)MORRIS-G-DANIELS(78) လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) အားကစားဝန်ကြီးဌာန ဆရာ Dr.ဖေသောင်းမြင့် (78)သည် ၁၅. ၁၂. ၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

၁၉၆၄ ခုနှစ်ဝင်ဆေးတက္ကသိုလ်(၁)မှ တပည့်များ

အထူးဝမ်းနည်းကြေကွဲခြင်း
နော်ဝါးရှီးဝင်း(၄၄)နှစ်

ဦးထွန်းထွန်း(Managing Director) Red Horse Dairy Industries Limited၏ဇနီး၊ စောအောင်ဝေယံထွန်း၊ စောထူးညက်ထွန်းတို့၏ချစ်လှစွာသော မိခင်သည် ၁၅-၁၂-၂၀၁၃ (တနင်္ဂနွေနေ့)ညနေ ၃း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးနီ(ရွှေမိအင်းဒထရီယယ်ကုမ္ပဏီလီမိတက်)

ဝမ်းနည်းကြေကွဲခြင်း
1/Eကိုဟိန်းထက်စိုးခိုင်(31) J.S.M Co.,Ltd.

သူငယ်ချင်း Dr.စိုးခိုင်-ဒေါ်နော်အောလစ်တင်တို့၏သား ကိုဟိန်းထက်စိုးခိုင်သည် ၇-၁၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

၁၉၆၄ ခုနှစ်ဝင် ဆေးတက္ကသိုလ်(၁)မှ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ကိုအောင်မျိုးထွန်း
ငွေခြူးမင်းဆေးလိပ်လုပ်ငန်း၊ မြင်းခြံမြို့
အသက်(၃၇)နှစ်

မြင်းခြံမြို့၊ ဗိုလ်ချုပ်လမ်းနေ ဦးမောင်မောင်-ဒေါ်စိမ်းယုမွန်(ရွှေမြန်မာသောက်ရေသန့်နှင့်ခရီးသွားလုပ်ငန်း)တို့၏ ဒုတိယသား၊ ကိုရဲထွန်းနိုင်-မခိုင်ဇာထွန်းတို့၏ညီဖြစ်သူ ကိုအောင်မျိုးထွန်းသည် ၁၅-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးထွန်းထွန်း(ဥက္ကဋ္ဌ)-ဒေါ်ခင်ခင်အေး
တက်လမ်းအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ (နှစ်ပတ်)အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
	ဒေါ်တင်အေးမြင့်	[၁၂/တမန(နိုင်)၀၂၂၀၀၃]	အမှတ်-၁၇/ခ၊ အောင်ဇေယျလမ်း၊ သဃန်းကျွန်း	သဃန်းကျွန်း	ကြို့ပင်းဇေရပ်(တောင်)	၁၇/ခ	ဦးသန်းဇေ	မြေပုံငှါး

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး)
